


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်
# အလှူရေစက်ချအခမ်းအနား
# အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# မဂ်ရေစင်ဖြင့် ငြိမ်းကြစမ်းပါ

(၂၉၄)

ဟောကြားသည့်နေ့

၅-၃-၅၆

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

## မဂ်ရေစင်ဖြင့် ငြိမ်းကြစမ်းပါ

ဟောကြားသည့်နေ့ (၅-၃-၅၆)

သမာဓိလို့ပြောတယ်၊သမ္မာသမ္မာဓိ ဆိုတာဘာပါလိမ့် မလဲလို့ မနေ့ကလည်းပြောခဲ့တယ်၊သမ္မာကမှန်ကန်တာ၊ သမာဓိက တည်ကြည်တာ၊ မှန်ကန်စွာတည်ကြည်မှုကိုဆိုသည်။

အဲဒီတော့ မှန်ကန်စွာ တည်ကြည်လာပြီဆိုရင် ဝိတက် ကလည်း၊ ဝိတက်ဆိုတာ ဒကာ ဒကာမတွေ သိကြတယ်၊ ဝိတက်ဆိုတာတောင်ကြံ၊မြောက်ကြံ ကြံတတ်တယ်... (မှန်ပါဘုရား)။

## သမာဓိတည်ကြည်ပြီဆိုရင်

အဲ့ဒီ ကြံတဲ့ ဝိတက်ကလည်း သမာဓိတည်ကြည်ပြီ ဆိုမှဖြင့် ဒကာစိန်ရေ ဖြစ်ပျက်အပေါ်ပဲရောက်တယ်. . . (မှန်ပါဘုရား)ဖြစ်ပျက်အပေါ်ပဲရောက်တယ်၊ဝိတက်ကလည်းဘယ်မှ မပြေးနိုင်တော့ဘူး၊မင်းခန္ဓာဝေဒနာအဖြစ် အပျက်ပေါ်မှာ၊ ဟော့. . . ဝိစာရ-မင်းသုံးသပ်ချင်လို့ရှိရင်လည်း အဲ့ဒီဖြစ်ပျက် အပေါ်မှာပဲသုံးသပ်၊ သမာဓိကဝိတက်ရော၊ဝိစာရရောတစ်ခါ တည်း ဒီအပေါ်ကိုကြံ၊ ဒီအပေါ်မှာ သုံးသပ်ပါလို့ သမာဓိက ခေါင်းဆောင်ပြီးသကာလ ဝိတက်၊ ဝိစာရတို့ဟာ များသော အားဖြင့် သူတို့မှာ ဝိတက်က တောင်ကြံ မြောက်ကြံ ကြံတယ်။

ဝိစာရက၊ ဝိတက်ကြံရာကိုလိုက်ပြီး ဟိုသုံးသပ်၊ ဒီ သုံးသပ် သုံးသပ်တာကို ဟော့. . . မင်းတို့ ဘယ်မှမသွားရဘူး၊ မင်းတို့ ဘယ်မှမသွားရဘူး။

ခု- ဝေဒနာ သုံးပါးရှိတယ်၊ အဲ့ဒီဝေဒနာသုံးပါးအပေါ် ၌ ကြံ၊ ဝေဒနာသုံးပါးကို သုံးသပ်ကွာ အဲ့ဒီလို သမာဓိက ဝိတက်နဲ့ ဝိစာရကို ခေါင်းနှိမ်ထားတယ်. . . (မှန်ပါဘုရား)။ သဘောကျ ပြီလား. . . (ကျပါပြီဘုရား)။

ဝိတက်၊ဝိစာရကိုဒကာဒကာမတို့သတိထားလိုက်ပါ ခေါင်းနှိမ် ထားတာသည်ဘယ်သူပါလိမ့်မတုံး. . . (သမာဓိပါဘုရား)။

## သမာဓိ ညံ့ပြီဆိုရင်

အေး. . . သမာဓိပဲတဲ့၊ အင်း. . . ဒါဖြင့် တို့သည် တရားအားထုတ်ရင်းမတ္တနဲ့ စိတ်ကလေးက တောင်ကြံနေသလို၊ မြောက်ကြံမိသလိုကြံမိလို့ရှိရင် သမာဓိညံ့ပြီဆိုတာသာ မင်းတို့ဆုံးဖြတ်ချက်ချ၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

သမာဓိညံ့လို့ရှိရင်ဖြင့် ဒီစိတ်ကလေးဟာ တောင်ထွက်ချင်လို့မြောက်ထွက်ချင်လို့ကြံလို့ရှိရင် ဒကာဒကာမတွေက သမာဓိကို ကြီးထွားအောင်လုပ်လိုက်ပါ၊ သမာဓိကြီးထွားအောင်လုပ်လိုက်ပါ။

သမာဓိကြီးထွားအောင် လုပ်လိုက်ပြီဆိုမှဖြင့် ဝိတက်ကကိုယ်ကြံခိုင်းတဲ့ဆီဖြစ်ပျက်အပေါ်၌သာကြံ၊ ဖြစ်ပျက်အပေါ်၌သာ သုံးသပ်. . . (မှန်ပါဘုရား)။

အဲ့ဒါကြောင့် ဝိတက်၊ ဝိစာရတို့ ဒီအထဲမှာ ပါလာတယ်ကိုထွန်းအောင်ရ. . . (မှန်ပါဘုရား)။ အဲ့ဒီတော့ ဝိတက် ဝိစာရကို ဘယ်သူက ခေါင်ကချုပ်ထားသလဲဆိုတာလည်း ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## အလုပ်လုပ်မှ မဂ်ဖိုလ်ဆိုက်မယ်

ဘယ်သူပါလိမ့်. . . (သမာဓိပါဘုရား)။ အဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီးက ဒကာဒကာမတွေအိမ်မှာ အလုပ်

လုပ်ကြ၊ ဘယ်မှာဖြစ်ဖြစ် အလုပ်လုပ်ကြ၊ ခင်ဗျားတို့ အလုပ်လုပ်မှ မဂ်ဖိုလ်ဆိုက်နိုင်တယ်၊ဆုတောင်းနေလို့ မဆိုက်ဘူး။ ခဏခဏသတိပေးနေတယ်။

သတိပေးလိုက်လို့ လုပ်တော့လုပ်ပါရဲ့၊ကိုယ့်စိတ်ကိုယ်မနိုင်ဘူးဘုရား၊ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဒကာ ဒကာမတွေက ဆင်ခြင်တွေကတယ်ပေါတယ်၊ ကိုယ့်စိတ်ကိုယ်မနိုင် ထွက်ထွက်ပြေးတယ်ဘုရား။

ထွက်ပြေးတာသည် တောင်ကြံ၊ မြောက်ကြံပဲ၊ တောင်သုံးသပ်၊ မြောက်သုံးသပ်ပဲ၊ ဝိတက်၊ ဝိစာရ သာမှတ်ကြပေတော့. . . (မှန်ပါဘုရား)။

ဝိတက် ဝိစာရက တောင်ထွက်ပြေး၊ မြောက်ထွက်ပြေးပြေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက အင်း သမာဓိညံ့လို့ဆိုတာယနေ့ဆရာဘုန်းကြီးကဟောတယ်. . . (မှန်ပါဘုရား)။

သမာဓိညံ့လို့ရှိရင် ပြေးလိမ့်မယ်၊ သမာဓိညံ့ရင်. . . (ပြေးမှာပါဘုရား)။ဒါဖြင့် ခင်ဗျားတို့ စိတ်ကလေး တောင်ပြေးသွား မြောက်ပြေးသွားဆိုလို့ရှိရင်ဖြင့် မတုံ-တို့ ရိပ်မိပြီလား၊ ဘာညံ့နေတာတုံး. . . (သမာဓိညံ့လို့ပါဘုရား)။

အေး. . . ဒါဖြင့် ဒေါ်အုန်းခင်ရ သမာဓိအရေးကြီးတယ်ဆိုတာ ပေါ်လာကြပြီလား. . . (ပေါ်လာပါပြီဘုရား)။

## သမာဓိဆိုတာ တည်ကြည်မှု

ဩော်. .. ဒါကြောင့် သမာဓိသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ တည်ကြည်မှုဆိုတဲ့ ဥစ္စာသည် သူကိုယ်တိုင်က တည်ကြည်တဲ့အခါကျတော့ သူနဲ့အပေါင်းအဖော်တွေလည်း တစ်ခါတည်း သူဦးစီးလိုက်ပြီဆိုမှဖြင့် သူက ဒီအပေါ်တည်ကြည် တယ်ဆိုလို့ရှိရင်ဖြင့်ကျန်တဲ့ သူနဲ့အပေါင်းအဖော်တွေဖြစ်တဲ့ ဝိတက်တို့၊ ဝိစာရတို့၊ သတိတို့၊ ဝိရိယတို့၊ ပညာတို့ ဒါတွေလည်း ဒကာစိန်ရေ ဖြစ်ပျက်အပေါ်ပဲတည်ရတယ်. . . (မှန်လှပါဘုရား)။

ဝေဒနာအပေါ်မှာ တည်ရတယ်၊ ဖြစ်ပျက်အပေါ်မှာပဲ တည်ရတယ်၊ အဲ့ဒီတော့ ရွေ့နိုင်သေးရဲ့လား. . . (မရွေ့နိုင်ပါဘူးဘုရား)။

အဲ့ဒီတော့ ဟိုပြေး ဒီပြေးဆိုရင်ဖြင့် အားလုံးဒကာ ဒကာမတွေ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)၊ဘာဖြစ်လို့ပါလိမ့်. . . (သမာဓိညွှံ့လို့ပါဘုရား)။

## နေရာတိုင်းမှာ အရေးကြီးတယ်

အေး. . . သမာဓိညွှံ့လို့၊ ဒေါ်ခန့်ဒါဖြင့် ဘာအရေးတကြီးလိုနေသလဲ. . . (သမာဓိလိုပါတယ်ဘုရား)၊အေး. . . သမာဓိလိုတယ် သမာဓိလိုတယ်၊ သမာဓိဟာ နေရာတိုင်းမှာ

အင်မတန်အရေးကြီးပါတယ်တဲ့။

ဒါဖြင့် စိတ်တွေ တောင်ထွက်ပြေး၊ မြောက်ထွက်ပြေး ပြေးတိုင်း ပြေးတိုင်း ဒကာ ဒကာမတွေ ထားရာမနေဘူး ဆိုတဲ့ ဥစ္စာသည် သမာဓိအားပျော့တော့ သမာဓိကို တွန်းလှန်ပြီး သကာလထွက်တာ. . . (မှန်ပါဘုရား)။

သမာဓိကို သမာဓိနွေ့ဆိုက်အောင်၊ သမာဓိ ဗိုလ်ထိုက်အောင်၊ သမာဓိမဂ္ဂင်ထိုက်အောင် ဘုန်းကြီးတို့ဒကာ ဒကာမတွေက ကိုင်း. . . မင်းကိုဖြင့်ကွာ အကြီးအကဲချည့်ထားပြီး အလုပ်လုပ်ပါတော့မယ်လို့ ခင်ဗျားတို့ ပြောင်းလိုက်လို့ရှိရင်ဖြင့်၊ ခင်ဗျားတို့လိုချင်တဲ့ဖြစ်ပျက်ဆီကိုဝိတက်ကလည်း၊သမ္မာသင်္ကပ္ပကလည်း အဲ့ဒီအထဲကြွပို့တယ်. . . (မှန်လှပါဘုရား)။

## ခန္ဓာကိုယ်ထဲ မဂ္ဂင်ရောက်လာတယ်

အဲ့ဒီကြွလိုက်တယ်ဆိုကတည်းကိုက သမ္မာသင်္ကပ္ပက မြင်ကွက်ဖော်ပေးလို့ရှိရင် သမ္မာဒိဋ္ဌိက မြင်ဖို့ရာပေါ်လာတယ်. . . (မှန်ပါဘုရား)။

အဲ့ဒီ သမ္မာသင်္ကပ္ပနဲ့ သမ္မာဒိဋ္ဌိ၊ ပညာ မဂ္ဂင်နှစ်ပါး တောင်မှသူကဦးစီးပြီးသကာလ၊ သမာဓိကဦးစီးပြီးသကာလ ဖြစ်ပျက်အာရုံပေါ်၌သာ ထားလိုက်မယ်ဆိုရင် ခင်ဗျားတို့ လိုတဲ့မဂ္ဂင်ကြီးဟာ ခန္ဓာကိုယ်ထဲရောက်လာတယ်. . . (မှန်ပါဘုရား)။

ဒကာ ဒကာမတို့လိုတဲ့မဂ္ဂင်ကြီး ဘယ်ရောက်လာသတုံး. . . (ခန္ဓာကိုယ်ထဲရောက်လာပါတယ်ဘုရား)၊ မရောက်သေးသရွေ့ကာလပတ်လုံး ဘုန်းကြီးတို့ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့ ဩော်. . . သမာဓိနဲ့နေတာပါလား၊ သမာဓိနဲ့နေပါလား။

အဲဒါ သမာဓိနဲ့နေပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာဖြစ်မတုံးဆိုတော့ သမ္မာသက်ပ္ပကလည်း မြင်ကွက်ဖော်မပေးနိုင်ဘူး. . . (မှန်ပါဘုရား)။

သမ္မာဒိဋ္ဌိကလည်း၊ မြင်ကွက်မှ မဖော်ပေးဘဲနဲ့ ဘယ်မှာသာလျှင် သမ္မာဒိဋ္ဌိက အမှန်မြင်နိုင်လိမ့်မတုံး. . . (မမြင်နိုင်ပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ကို သတိပေးရတယ်၊ မျက်မှန်ရယ်၊ မျက်လုံးရယ်ဆိုတာ၊ မျက်မှန်တပ်ရတဲ့ ပုဂ္ဂိုလ်အတွက်မှာ ဒကာစိန်သတိထား. . . (မှန်ပါဘုရား)။

မျက်မှန်တပ်ရတဲ့ပုဂ္ဂိုလ်အတွက်ဟာ မျက်လုံးမကောင်းဘူး၊မျက်လုံးမမြင်လို့လားဆိုတော့၊ မမြင်လို့တော့မဟုတ် ဘူး၊ မကြည်လင်လို့ပေါ့၊ဒါဖြင့် မျက်မှန်ကူညီလိုက်တဲ့အခါ ကိုယ်နဲ့ပါဝါတည့်တာနဲ့ ကူညီလိုက်တဲ့အခါကျတော့ မြင်တဲ့ ဥစ္စာကသည် ရှင်းရှင်းမသွားဘူးလား. . . (သွားပါတယ်ဘုရား)။

## မျက်မှန်က မြင်တာလား

အဲ့ဒါကြောင့် မျက်မှန်ကမြင်တာလား၊ မျက်လုံးက မြင် တာလားလို့ မေးလို့ရှိရင်တော့ဖြင့် မျက်လုံးကမြင်တာပဲ၊ မျက်မှန်ကတော့မမြင်ဘူး. . . (မှန်ပါဘုရား)၊ သဘောကျ ပြီလား. . . (ကျပါပြီဘုရား)။

မျက်မှန်ကတော့ရုပ်ဓမ္မကိုး၊ ဘယ်မှာသာလျှင် ဉာဏ်က မပါဘူး၊ ဉာဏ်မကိန်းနိုင်တော့ ဘယ်မြင်နိုင်ပါလိမ့်မတုံး။

မျက်လုံးထဲမှာသာ စက္ခုမြင်စိတ်က လာပေါ် လို့မြင်ရတာ၊ အဲ့ဒီတော့ဒီမျက်မှန်က ဘာနဲ့တူသတုံးလို့ဆိုတော့ သမ္မာသက်ပွ နဲ့တူတယ်၊ မျက်လုံးက သမ္မာဒိဋ္ဌိနဲ့တူတယ်။

အဲ့ဒီ မျက်မှန်နဲ့ မျက်လုံးရှိတဲ့ပုဂ္ဂိုလ် ခေါင်းနှိမ်ပြီးသကာလ ဒီဘက်မှတစ်ပါး၊ခင်ဗျားဘယ်မှမလှည့်နဲ့၊ခေါင်းနှိမ်ထားတာက သမာဓိနဲ့တူတယ်. . . (မှန်ပါဘုရား)။ရိပ်မိပြီလား. . . (ရိပ်မိပါ ပြီဘုရား)။

## မျက်မှန်က သမ္မာသင်္ကပ္ပနဲ့တူ

မျက်မှန်နဲ့ဘာနဲ့တူသတုံး၊ သမ္မာသင်္ကပ္ပနဲ့ တူတယ်၊ ဟုတ်လား၊ မျက်လုံးနဲ့ဘာနဲ့တူသတုံး. . . (သမ္မာဒိဋ္ဌိနဲ့တူပါ တယ်ဘုရား)၊ခေါင်းနှိမ်ထားတာနဲ့ဘာနဲ့တူသတုံး. . . (သမာဓိနဲ့ တူပါတယ်ဘုရား)။

အဲ. . . သူတို့သုံးခု ခင်ဗျားတို့ အခု ဒီနေ့ညပြောတဲ့ အတိုင်းမျက်မှန်တည်းဟူသော သမ္မာသက်ပွ၊ မျက်လုံးတည်းဟူသော သမ္မာဒိဋ္ဌိ၊ ခေါင်းနှိမ်ထားခြင်းတည်းဟူသော သမာဓိ၊ **ဤသုံးခုနဲ့**သာ ခင်ဗျားတို့ သေသေချာချာ ဝေဒနာအပေါ်၌ **တည့်**အောင်နေကြမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ဒီဝေဒနာဟာ **ဝေဒနာ**မှ မဟုတ်ဘဲပဲ၊ စင်စစ်ကဥဒယနဲ့ဝယရှိတာပဲ၊အဖြစ်နဲ့ အပျက်ရှိတာပဲတဲ့၊ ဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

## ဝေဒနာဆိုတာ အနိစ္စတရား

ဝေဒနာဆိုတာသည် ဒကာ ဒကာမတို့နာမည်ပညတ် တပ်တာမျှသာ ဖြစ်တယ်၊ စင်စစ်တော့ ဖြစ်ပြီးပျက်တဲ့ အနိစ္စ တရားလေး၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဲ့ဒီ အနိစ္စတရားလေးကိုသာလျှင် ဒကာ ဒကာမတွေ က သြော်. . . ဖြစ်ပြီးပျက်တဲ့ တရားလေးပါလားလို့ မျက်မှန်ကို လည်း လက်မလွှတ်နဲ့၊ မျက်လုံးလည်း လက်မလွှတ်နဲ့၊ ခေါင်းနှိမ် ထားတာကြီးကိုလည်း မရွေ့နဲ့. . . (မှန်ပါဘုရား)။

ဒီသုံးခု ဆုံလို့ကြုံကြပြီဆိုမှဖြင့် ဒကာ ဒကာမတွေသည် လိုရာခရီးကိုပေါက်ပါပေ့ါဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ. . . (မှန်ပါဘုရား)၊ဒါဖြင့် အရေးမကြီးဘူးလား. . . (ကြီးပါတယ် ဘုရား)။

မနေ့က ဥပမာနဲ့ မတူသေးဘူး၊ မနေ့က ဥပမာနဲ့မတူ

သေးဘူး ဒကာ ဒကာမတို့. . . (မှန်ပါဘုရား)။ ဒီနေ့ ဥပမာက ပညာမဂ္ဂင်ကို သမာဓိမဂ္ဂင်ကတစ်ခါတည်း၊ မတည်တည်အောင် ခေါင်းကိုင်ပြီး နှိမ်ထားသလို ပညာမဂ္ဂင်နှစ်ပါး သမ္မာသက်ပ္ပနဲ့ သမ္မာဒိဋ္ဌိဟာ ပညာမဂ္ဂင်ပါ. . . (မှန်ပါဘုရား)။

အဲ့ဒီ ပညာမဂ္ဂင်ဟာ သူအလိုလိုဆိုရင် အာရုံရှိရာကို မတည့်နိုင်ဘူး၊ သမာဓိဆိုတဲ့တရားက ခေါင်းနှိမ်လိုက်ပြီဆိုမှဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ဝေဒနာပေါ်တဲ့ နေရာတည့်ပြီ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## သမာဓိကဘာနဲ့တူသတုံး

ဒါဖြင့်ပြန်ပြောကြ သမ္မာသက်ပ္ပက မျက်မှန်နဲ့တူတယ်၊ သမ္မာဒိဋ္ဌိက. . . (မျက်လုံးနဲ့တူပါတယ်ဘုရား)၊ ခေါင်းနှိမ်ထား တာနဲ့. . . (သမာဓိနဲ့တူပါတယ်ဘုရား)။

အဲ. . . ဒီသုံးခုသာ ခင်ဗျားတို့ကြုံကြလို့ ဆုံကြလို့၊ စုံကြပြီဆိုမှဖြင့် မပူပါနဲ့တော့. . . (မှန်ပါဘုရား)။ဟိုဘက်က တစ် ဖြစ်ပါတယ်တဲ့။

ဟိုဘက်က ဖြစ်ပျက် ဒုက္ခသစ္စာဖြစ်ပါတယ်။ ဒီဘက် သုံးခုကမဂ္ဂသစ္စာဖြစ်ရမယ်၊မဖြစ်ပါနဲ့ဆိုလို့ရသေးရဲ့လား. . . (မရပါဘူးဘုရား)။

ဘာ့ကြောင့် မဂ္ဂသစ္စာ ဖြစ်ရပါလိမ့်မလဲလို့ မေးလိုက် တဲ့အခါကျတော့ ဩော်. . . ဒီသုံးခုသည်ကားလို့ ဆိုရင်ဖြင့်

ပညာကလည်း ကိလေသာသတ်တယ်၊ ဟုတ်ဖူးလား၊ ပညာက လည်း ကိလေသာသတ်တယ်၊သမာဓိကလည်း ဒီဖြစ်ပျက် အာရုံ အပေါ်မှာပဲ တည်ကြည်နေ၊ သမ္မာသင်္ကပ္ပဆိုတဲ့ တရားကလည်း ဖြစ်ပျက်အာရုံအပေါ်မှာပဲ ကြံစည်နေတယ်ဆိုသဖြင့်ကိလေသာ ရန်သူတွေဟာဘယ်ကနေပြီး ဝင်ပေါက်ရှာပြီးဝင် မတုံးလို့မေး တဲ့အခါကျတော့ သူတို့ကိုက ဟဒယဝတ္ထုအပေါ် ဒီသုံးခုရောက် နေတယ်. . . (မှန်လှပါဘုရား)။

## ဟဒယဝတ္ထုအပေါ် ကြီးစိုးနေတယ်

ကိလေသာကလည်းလာရလို့ရှိရင် ဟဒယဝတ္ထုအပေါ် လာရတယ်. . . (မှန်ပါဘုရား)၊သူတို့သုံးခုကြီးစိုးပြီး ဟဒယ ဝတ္ထုအပေါ် ကြီးစိုးနေတဲ့အတွက်၊ ဝမ်းထဲကြီးစိုးနေတဲ့အတွက် မင်းတို့ ကိလေသာရန်သူတွေလာပါဆိုလို့ လာနိုင်သေးရဲ့ လား. . . (မလာနိုင်ပါဘူးဘုရား)။

ဒါဖြင့် ကိလေသာ ရန်သူကို ဒကာ ဒကာမတို့လာခွင့် မပေးတာသည် ခုနက ပြောတဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာ သတိ၊ သမာဓိဆိုတဲ့ ဒီသုံးခုက ခန္ဓာကိုယ်ထဲမှာ ကြီးစိုးနေတဲ့ အတွက်ဟဒယဝတ္ထုအပေါ်၌ နေခွင့်ထိုင်ခွင့်မရသောကြောင့် ကိလေသာရန်သူတို့သည် ရှောင်ခွာဖယ်ရှားနေရ တယ်ဆိုတာ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ကိလေသာရန်သူ၊ အောင်ပွဲယူ

အင်း. . . ဒါဖြင့် တို့ လုပ်နေတဲ့အလုပ်ဟာ ဟော. . . ကိလေသာရန်သူတွေကိုနှင်ထုတ်နေတဲ့အလုပ်ပဲ၊ကိလေသာရန်သူ အောင်ပွဲယူနေတဲ့အလုပ်ပဲဆိုတာ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ လောဘ ဒေါသ မောဟ ဘယ်နေရာဝင်မတုံး. . . (မဝင်ပါဘူးဘုရား)၊ ဟဒယဝတ္ထုအပေါ် သူတို့က ရောက်နေပြီ၊ လောဘ ဒေါသ မောဟကလည်း လာခွင့်ရရင်သူ ဘယ်အပေါ် လာရမှာတုံး. . . (ဟဒယဝတ္ထုအပေါ် မှာ လာရမှာပါဘုရား)။

ကိုင်း. . . ဒေါ်ခန့်ရ ဒီဟာတွေက အမြဲထိုင်နေပြီ၊ တော်ကြာထိုင်နေပြန်ပြီ၊တော်ကြာထိုင်နေပြန်ပြီ၊ဒီအပေါ် ရောက်နေပြန်ပြီသမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမာဓိတွေကလေ. . . (မှန်ပါဘုရား)။

## ကိလေသာ ဝင်ခွင့်မရ

ဒီအပေါ် ချည့် ရောက်ရောက်ရောက်ရောက်နေပြီဆိုရင် ကိလေသာရန်သူဟာ ဘယ်နည်းနဲ့မှ ဝင်ခွင့်မရတော့ဘူး. . . (မရပါဘူးဘုရား)၊ ရသေးရဲ့လား. . . (မရပါဘူးဘုရား)။

အဲ့ဒီကဲ့သို့ ဝင်ခွင့်မရတဲ့ အခါကျတော့ ဒကာ ဒကာမတို့ ကိလေသာရန်သူကို အောင်ပွဲယူနေတာ ဘယ်သူတုံး

ဆိုတော့ဒီသုံးခု. . . (မှန်ပါဘုရား)၊မဂ္ဂင်သုံးခု. . . (မှန်ပါဘုရား)။ ဟုတ်ပြီလား. . . (မှန်ပါဘုရား)၊သမ္မာသင်္ကပ္ပမဂ္ဂင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊သမ္မာသမာဓိမဂ္ဂင် ဟုတ်လား. . . (မှန်ပါဘုရား)။

အဲ့ဒီမဂ္ဂင်တွေက တစ်ခါတည်းခေါင်းဆောင်ပြီး ဟဒယဝတ္ထုအပေါ် ရောက်နေတဲ့အတွက်တဲ့ ဟဒယဝတ္ထုအပေါ်၌ ကိလေသာရန်သူတွေသည် ဘယ်နည်းနဲ့မှမသိနိုင်ဘူး။ မကပ်နိုင်ဘူးဆိုတာဒကာဒကာမတွေကမှတ်ပါ. . . (မှန်ပါဘုရား)။

## ဒီသုံးခုက မဂ္ဂသစ္စာ

အဲ့ဒီတော့ ဘာရှိနေလို့ မကပ်နိုင်တာတုံးဆိုတော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သူတို့သုံးခုက မဂ္ဂသစ္စာ၊ သူတို့သုံးခုက မဂ္ဂသစ္စာဖြစ်နေတော့ ကိလေသာရန်သူက အနားမကပ်နိုင်အောင်ပဲချုပ်နေရသောကြောင့် သူတို့သုံးခုချုပ်နေတာက သမုဒယသစ္စာ ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

သူတို့ သုံးခုချုပ်နေတဲ့ အခါကျတော့ဒကာဒကာမတွေမှာ ကိလေသာအပူမီးတို့မှ ရုပ်သိမ်းချုပ်ငြိမ်းနေတာလေးဟာ နိရောဓသစ္စာ. . . (မှန်ပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## နိရောဓသစ္စာ

ကိလေသာအပူမီးတို့မှ ချုပ်ငြိမ်းရုပ်သိမ်းနေတာကို ဘာခေါ်ကြမလဲ. . . (နိရောဓသစ္စာပါဘုရား)၊နိရောဓသစ္စာဆိုတာ

နိဗ္ဗာန်ပါဘဲ ဒကာဒကာမတို့. . . (မှန်ပါဘုရား)။

အေး. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လည်း သံယုတ်ပါဠိတော်မှာ တဏှာနိရောဓော နိဗ္ဗာနံ၊ တဏှာ နိရောဓော-တဏှာချုပ်နေခြင်းသည်၊ နိဗ္ဗာနံ-နိဗ္ဗာန် မည်သည်၊ ဟောတိ-ဖြစ်၏။ဒါတဏှာချုပ်နေတာ နိဗ္ဗာန်ပဲ. . . (မှန်ပါ ဘုရား)။

ကဲ. . . ဒကာ ဒကာမတို့ ခင်ဗျားတို့ အလုပ်သာအလုပ် လုပ်လို့ရှိရင်ဖြင့် နိဗ္ဗာန်ကိုခင်ဗျားတို့ ခန္ဓာအတွင်းမှာလည်း နိဗ္ဗာန်ရပါတယ်၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်ဘယ်ရောက်သတုံး

နိဗ္ဗာန်ဘယ်ရောက်သတုံး. . . (ခန္ဓာထဲမှာ ရောက်ပါ တယ်ဘုရား)၊ ခန္ဓာထဲမှာ ရောက်တယ်၊ ဒါကြောင့် နိဗ္ဗာန်သည် ရူပက္ခန္ဓာ အဝေးမှာရှိသလားအနီးမှာရှိသလားဆိုတာအဝေးကြီး မပြောနိုင်ဘူးတဲ့၊မလုပ်တဲ့ပုဂ္ဂိုလ်မို့ ဝေးချင်ဝေးနေတာပဲ. . . (မှန်ပါဘုရား)။

မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ အရှေ့မှာလား၊ တောင်မှာ လား၊မြောက်မှာလား၊အနောက်မှာလားဆိုတာမောင်ထွန်းလှိုင် မေးလို့မရဘူး. . . (မှန်ပါဘုရား)၊ ဘာပြုလို့မရသတုံးဆိုတော့ မလုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ ဘယ်ကလာဖြစ်မှာတုံး. . . (မှန်ပါ ဘုရား)။

## ကိလေသာငြိမ်းတဲ့ နေရာမှာရှိတယ်

အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်အတွက်ကျတော့ ကိလေသာ ငြိမ်းတဲ့နေရာမှာ. . . (နိဗ္ဗာန်ရှိပါတယ်ဘုရား)။ နိဗ္ဗာန်ရှိတယ် ဆိုတော့ ဩော်. . . ဒါဖြင့် ဒေါ်အုန်းခင်ကြီးတို့က မှတ်ကြ၊ ဒေါ်ခန့် တို့က မှတ်ကြ၊ နိဗ္ဗာန်ဆိုတာ တခြားလားမှတ်နေတယ်၊ ကိလေသာမလာလို့ ငြိမ်းတဲ့နေရာမှာ နိဗ္ဗာန်ရှိတာပဲ ဆိုတာ ကိလေသာဟာဟာဒယဝတ္ထုအပေါ်မှာသူမလာဘဲနေတာ၊ဟာဒယဝတ္ထုအပေါ်မှာပဲငြိမ်းရမယ်. . . (မှန်ပါဘုရား)။

ဒါကြောင့် နှလုံး၌ ငြိမ်းအေးခြင်းလက္ခဏာရှိတာ မဂ္ဂသစ္စာလို့ဆိုရင် သူရောက်လို့ အေးတာပဲဟော့၊ပဋိသမ္ဘိဒါမဂ်လာတဲ့အတိုင်း၊ နှလုံး၌ ငြိမ်းအေးခြင်းလက္ခဏာရှိတာ ဘာပါလိမ့်. . . မဂ္ဂသစ္စာ။

## အေးတာလေးက နိရောဓသစ္စာ

အဲ့ဒီ မဂ္ဂသစ္စာရောက်ကတည်းကိုက ဒကာဒကာမတို့ မအေးသေးဘူးလား. . . (အေးပါတယ်ဘုရား)။အဲ. . . အေးတာလေးက နိရောဓ၊ ငြိမ်းအေးအောင်လုပ်တာက မဂ္ဂ၊ အေးတာလေးဟာက. . . (နိရောဓပါဘုရား)၊ ငြိမ်းအေးအောင်လုပ်တာက. . . (မဂ္ဂပါဘုရား)။

အေးတာက. . . (နိရောဓပါဘုရား)၊အေးနေကတည်းက

ကိလေသာအပူမီးတွေရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ ဩော်. . . ဒါဖြင့် ဘုရား၊ရဟန္တာ၊အရိယာ ပုဂ္ဂိုလ်တွေကျလာတဲ့အခါ ဘယ်အာရုံမျိုးနဲ့ထိထိ သူတို့မှာဖြင့် ချောမောလှပတဲ့အာရုံမျိုးနဲ့ ထိပြန်တော့လည်း ငြိမ်းအေးနေတာပဲ. . . (မှန်ပါဘုရား)။

ဟာ. . . အရုပ်ဆိုး အကျည်းတန်တွေနဲ့ တွေ့နေပြန်တော့လည်း ဒေါသမဖြစ်ဘူး ငြိမ်းအေးနေတာပဲ. . . (မှန်ပါဘုရား)။ ဒါဖြင့် သူတို့မှာဖြင့် သန္တိလက္ခဏာဆိုတဲ့ ငြိမ်းအေးတဲ့လက္ခဏာတစ်ခုတည်းနဲ့ပဲ အမြဲနေတော့တာပေါ့. . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် မဂ်သည် ဒကာ ဒကာမတို့ ငြိမ်းအေးအောင်လုပ်တတ်တယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)၊ ငြိမ်းအေးတာက နိရောဓသစ္စာ. . . (မှန်ပါဘုရား)၊ မဂ်က ငြိမ်းအေးအောင် လုပ်တတ်တာ၊ ကိလေသာရန်သူက အပူဓာတ်၊ ၎င်းသည် ချုပ်ပျောက်သွားသောကြောင့် ငြိမ်းအေးခြင်း ရောက်လာတယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## မျက်မှန်လည်း မဖြုတ်ပါနှင့်

အဲ့ဒါကြောင့် ဒကာ ဒကာမတို့ မျက်မှန်လည်း မဖြုတ်ပါနဲ့၊ မျက်လုံးလည်း တခြားမလှည့်လိုက်ပါနဲ့၊ ခေါင်းနှိမ်ထားတာကြီးကိုလည်း ဖယ်ရှားမပစ်လိုက်ပါနဲ့. . . (မှန်ပါဘုရား)။

ဤကဲ့သို့ မျက်မှန်လည်း မဖြုတ်၊ မျက်လုံးကလည်း တည့်ထားမယ်၊ ခေါင်းနှိမ့်ထားတာကြီးကိုလည်း ခင်ဗျားတို့ ကဖယ်ရှားပစ်တဲ့ အလုပ်မလုပ်ဘူးဆိုလို့ရှိရင် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာပေါ်တဲ့တရားတွေဟူသ၍ အကုန်ဒီအောက် ရောက်လာမှာ. . . (မှန်ပါဘုရား)။ သူတို့ သုံးခုအောက်ရောက် လာမှာ. . . (မှန်ပါဘုရား)။

သူတို့ သုံးခုအောက်ရောက်လာတဲ့အခါကျတော့ဘယ်လို မြင်လာသတုံး မေးလိုက်တယ်၊ မျက်လုံးထဲပေါ်တဲ့ ဝေဒနာ၊ နား ထဲပေါ်တဲ့ဝေဒနာ၊ ဒါလေးတွေက သက်တိုလား သက်ရှည်လား လို့မေးရင် ဘယ့်နှယ့်ဖြေမတုံး. . . (သက်တိုပါဘုရား)။

ဩော်. . . သက်တိုကလေးတွေပဲ တစ်ဆိုဖြစ်၊ နှစ်ဆိုပျက် တော့တာပဲ. . . (မှန်ပါဘုရား)၊ သက်တိုကလေး ကြည့်ခိုင်းတဲ့ အခါကျတော့ သက်တိုနေမှာပဲ. . . (မှန်ပါဘုရား)။

ဒီသုံးခုနဲ့ ကြည့်လိုက်တဲ့အခါ သက်တိုကလေးတွေ မမြင်ရဘူးလား. . . (မြင်ရပါတယ်ဘုရား)၊ ကောင်းပြီ. . . ဒါဖြင့် ဝေဒနာလေးဟာ နဂိုတုန်းကတော့ ငါမြင်တယ် ငါမြင် တယ်ဆိုတော့ ဒကာစိန်တို့က ဥပေက္ခာဝေဒနာလေး ငါထင် တာ. . . (မှန်ပါဘုရား)၊ မဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

ငါကြားတယ်ဆိုတော့ကော. . . (ဥပေက္ခာ ဝေဒနာ ငါထင်ပါတယ်ဘုရား)။ အေး. . . ဥပေက္ခာ ဝေဒနာ ငါထင်ကြ တယ်၊ ဝေဒနံအတ္တတောသမနုပဿတိကိုး၊ ဝေဒနာ-ဝေဒနာ

ကိုး၊ အတ္တတော- ငါဟူ၍၊ သမနုပဿတိ-ရှု၏ဆိုတော့ သက္ကာယဒိဋ္ဌိ ကိုး. . . (မှန်ပါဘုရား)။

## သုံးခုနဲ့သာတည့်ထားစမ်းပါ

ဟောဒီ သက္ကာယဒိဋ္ဌိက တယ်ကြောက်စရာကောင်းတယ်၊ ခုတော့ဖြင့် သက်သေဖြစ်တဲ့ဝေဒနာလေးတွေကိုဘုန်းကြီးပြောတဲ့ မျက်မှန်ရယ်၊ မျက်လုံးရယ်၊ အဲ့ဒီကဲ့သို့ နောက်ကခေါင်းနှိမ်ထားတာရယ် သုံးခုနဲ့သာ တည့်ထားလိုက်စမ်းပါ၊ သက်တိုကလေးတွေဟာ သက်တိုသဘောပဲမြင်မယ်. . . (မှန်ပါဘုရား)။

သက်တိုသွားပြန်ပြီ၊သေသွားပြန်ပြီ၊ဟင်. . . သေသွားပြန်ပြီလို့အသေချည့်မြင်တယ်. . . (မှန်ပါဘုရား)၊ဒေါ် အုန်းခင်ဘာမြင်မယ်ထင်သတုံး. . . (အသေချည့်မြင်မှာပါဘုရား)။

ဘာဖြစ်လို့တုံးမေးတဲ့အခါကျတော့ နဂိုကအသက်တိုကလေးတွေမို့. . . (မှန်ပါဘုရား)၊အသက်ရှည်ဟုတ်ရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။

## တယ်အသက်တိုပါလား

အဲ့ဒါ အသက်တိုကလေးတွေဖြစ်ပြီး သကာလနေတာအသက်တိုကလေးတွေမြင်ရတဲ့အခါကျတော့ ဩော်. . . ငါဟာတယ်အသက်တိုပါလားလို့ပေါ် လာတယ်. . . (မှန်ပါဘုရား)။

ဒီတော့ ငါထင်နေတဲ့ ပုဂ္ဂိုလ်တောင်မှ ငါပြုတ်ပြီး အသက်တိုပါလားလို့ ပေါ်လာတယ်၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)၊ ငါကောမပြုတ်သေးဘူးလား. . . (ပြုတ်ပါတယ်ဘုရား)။

အကယ်၍ ငါစွဲထားဦးတော့ ကိစ္စမရှိတော့ဘူးတဲ့၊ ငါဟာ အသက်တိုကိုးလို့ဆိုလို့ရှိရင် အနိစ္စပေါ်လာတယ်. . . (မှန်ပါဘုရား)မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။ အဲ့ဒါ ဒေါ်အုန်းခင်တို့သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ မတုတို့ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဘယ်နှယ့်တုံး. . . ဒါလေးတွေ သမ္မာသက်ပ္ပရယ်၊ သမ္မာဒိဋ္ဌိရယ်၊ သမာဓိရယ်သုံးခုနဲ့ စိုက်ကြည့်လိုက်တဲ့အခါကျတော့ မျက်လုံးထဲပေါ်တာလေး ဟဒယဝတ္ထုပေါ်ကဒီသုံးခုနဲ့ ဒီမှန်ပြောင်းနဲ့ချိန်ကြည့်လိုက်ပါရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

တယ်လည်း အသက်တိုပါလား. . . (တိုပါတယ်ဘုရား)၊ ငါမြင်တယ်ဆို. . . ငါမြင်တယ်လို့ပြောကြတယ်ဆိုတာ ခုငါလေး ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ ငါမြင်တယ်လို့ ပြောပြီး တော့ခု-ငါမရှိတော့ဘူးဆိုတော့ ဩော်. . . ဒကာ ဒကာမတွေ ဒီလိုမကြည့်တတ်လို့ ရှေးကငါစွဲနေတာ. . . (မှန်ပါဘုရား)။

## ငါမဟုတ်လို့ ပျက်တာ

ခု-ဒီလို ဟဒယဝတ္ထုပေါ်ကနေပြီး မျက်လုံး မျက်မှန် ငါထင်တာလေး ဝေဒနာလေးကိုသေသေချာချာစဉ်းစားလိုက်တဲ့ အခါကျတော့ဩော်. . . ငါမဟုတ်လို့ပြုတ်တာကိုး. . . (မှန်ပါ)၊ ငါမဟုတ်လို့ပျက်တာကိုး. . . (မှန်ပါ ဘုရား)၊ ပေါ်လာပြီ. . . (ပေါ်လာပါပြီဘုရား)။

အဲ့ဒါ သက္ကာယဒိဋ္ဌိ အထူးဖြုတ်ဖို့မလိုတော့ဘူး. . . (မှန် ပါဘုရား)၊ အကြည့်မြင်တဲ့ ပုဂ္ဂိုလ်ဟာအထူးဖြုတ်ဖို့ မလိုတော့ ဘူး. . . (မှန်ပါဘုရား)။

အဲ့ဒါကြောင့် ခင်ဗျားတို့က တစ်နံပါတ်ကို နှစ်နံပါတ် နဲ့မကြည့်တာက မောင်ထွန်းလှိုင် အဆိုးဆုံးပဲ. . . (မှန်လှ ပါဘုရား)၊ အဆိုးဆုံးပဲ၊ အဆိုးဆုံးပဲဆိုတာ သဘောကျပြီ လား. . . (ကျပါပြီဘုရား)ဟော့. . . မောင်ဘညွန့်တို့တစ်နံပါတ် ကို နှစ်နံပါတ်ကမကြည့်တာဘာတုံးကွ. . . (ဆိုးပါတယ် ဘုရား)။ဒေါ်ခန့်. . . (အဆိုးဆုံးပါဘုရား)။

## မျက်လုံးထဲပေါ်တာ ဝမ်းထဲကကြည့်ပါ

ဘာဆိုးတာတုံး. . . (တစ်နံပါတ်ကို နှစ်နံပါတ်နဲ့ မကြည့် တာပါဘုရား)။ အဆိုးဆုံးပဲ၊ အဆိုးဆုံးပဲ၊ တစ်နံပါတ်က မျက်လုံး ထဲပေါ်တယ်၊ နှစ်နံပါတ်ကဝမ်းထဲကနေ ကြည့်ပါလို့ ဘုန်းကြီး က ပြောတယ်. . . (မှန်ပါ)။

အဲ့ဒါ ခင်ဗျားတို့က မကြည့်ဘူး မကြည့်တဲ့အခါကျတော့ ခုနက အသက်တိုကလေးမြင်ရသေးရဲ့လား. . . (မမြင်ရပါဘူး ဘုရား)။

မမြင်ရတဲ့ အခါကျတော့ ဩော်. . . ငါ့ခန္ဓာကြီးဟာ ဖြင့် ရှေ့လေးငါးနှစ်တောင်နေရကောင်းပါသေးရဲ့ဆိုတာ လာတော့ မယ်. . . (မှန်ပါဘုရား)။တစ်ခါတည်း သဿတ ဒိဋ္ဌိကပ်လာ တယ်. . . (မှန်ပါဘုရား)။ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

ခုတော့ဖြင့် ဒကာ ဒကာမတွေက ဒီလိုသာသုံးသပ် လိုက် ပါတော့ မျက်လုံးထဲမြင်တဲ့ ဝေဒနာလေးကို နောက်က နေပြီး မနောဒွါရကနေပြီးသကာလ ခုနကပြောခဲ့တဲ့ သုံးခုနဲ့ ကြည့် လိုက်စမ်းဗျာ၊ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ငါတယ် အသက်တိုပါလား၊ ဒေါ်အုန်းခင် ငါတယ် အသက်တိုပါလားလို့ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ အဲ. . . အဲ့ဒီတော့ ဒီလိုပြောတဲ့ဥစ္စာတော့ ဘုန်းကြီးက အပြစ် မရှိဘူးလို့ပြောလိုက်တယ်. . . (မှန်ပါဘုရား)။

ငါစွဲချင်စွဲလိုက်ပါ အသက်တိုမှန်းတော့သိလိုက်ပါ. . . (မှန်ပါဘုရား)။ အဲဒီတော့ ဒါက ငါကိုမစွဲနိုင်တော့ဘူး၊ တိုတဲ့ အနိစ္စမြင်လာတယ်. . . (မှန်ပါဘုရား)၊ ဒီလိုကျတော့ ကိစ္စ မရှိဘူး. . . (မှန်ပါဘုရား)။

## ဘုရားဟောတာပါ

ဒါ ဘုရားက ဟောတာပါ၊ ဘုန်းကြီးက ကြံဖန်ဟော တာ မဟုတ်ပါဘူး။ ဝေဒနာလေးကို ငါလို့ထင်တာ ထင်ပါစေတဲ့ကိစ္စ မရှိပါဘူး၊ သို့သော်. . . မင်းတို့နောက်က ကြည့်လိုက်တဲ့အခါ ငါ့ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်လို့ သိရင် ငါဘုရား က အကြိုက်ပဲ. . . (မှန်ပါဘုရား)၊ဒေါ် အုန်းခင်ရိပ်မိပြီလား. . . (မှန်ပါဘုရား)။

ခုတော့ ဒကာ ဒကာမတွေက ငါက ခိုင်တယ်၊ တစ်နံပါတ် ကို နှစ်နံပါတ်ကနေမကြည့်တော့ ငါက ခိုင်သေးတယ်။တစ်နံ ပါတ် ငါခိုင်နေသေးတယ် ဒကာစိန်ရ. . . (မှန်လှပါ ဘုရား)။

ကဲ. . . ဒကာ ဒကာမတို့ တစ်နံပါတ် ငါခိုင်နေသေး တာ သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ခုတော့ ခိုင်သေးရဲ့ လား. . . (မခိုင်ပါဘူးဘုရား)၊နှစ်နံပါတ်ကနေ ကြည့်လိုက်တော့ ခုနက ငါမြင်တယ်ဆိုတာလေးဟာ ဒီဝေဒနာလေးရှိသေးရဲ့ လား. . . (မရှိပါဘူးဘုရား)။

## ငါမဟုတ်လို့ ပျက်တာ

အေး. . . ဖြစ်ပြီးပျက်မသွားဘူးလား. . . (ပျက်သွားပါတယ် ဘုရား)၊ ဩော်. . . ဒါဖြင့် ငါမဟုတ်လို့ ပျက်တာပဲ. . . (မှန်ပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် မြင်ပြီးရင် ဖြစ်ပျက်ဟာကျုပ်တို့က မြင်ပြီးရင် ပျက်တာပါပဲလို့ မဆို၊ မြင်ပြီးရင် ပျောက်တာပါပဲ ကျုပ်တို့က အမှတ်မထားပါဘူးလို့ ခင်ဗျားတို့က တော်အောင်သုံး မနေနဲ့၊ စင်စစ်အားဖြင့်တော့သူတို့ကိုကပျက်နေတာ. . . (မှန်ပါဘုရား)၊ သူတို့ကိုက ပျက်နေတာ ဒေါ်ခန့်ရေ. . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာ ရှုနည်းသည် မျက်လုံး ဥပေက္ခာဝေဒနာပေါ်တာလည်း ခုနကပြောခဲ့တဲ့ သုံးခုနဲ့ ခေါင်းနှိမ်တာနဲ့သာ သုံးခုနဲ့သာတွဲလိုက်. . . (မှန်လှပါဘုရား)။

## မိမိစိတ်ကို ထားရာနေဖို့

တွဲလိုက်လို့ရှိရင် သမ္မာသမာဓိ ဆိုတာ ဒကာ ဒကာမ တို့၊ သမ္မာက-မှန်ကန်တာ၊ သမာဓိက-တည်ကြည်တာ၊ အမှန် အကန်တည်ကြည်မှုအရေးကြီးတယ်၊ အမှန်အကန် တည်ကြည် ဖို့ အရေးကြီးတယ် ဒကာစိန်ရေ၊ အမှန်အကန် တည်ကြည်ဖို့ဆို တာ တာတုံးဆိုတော့ မိမိစိတ်ကိုထားရာ နေဖို့ပါပဲ။ မိမိစိတ် ကလေးကို ထားရာနေဖို့ပါပဲ။

အဲ့ဒါ သမာဓိက ခေါင်းစီးပြီးသကာလ မိမိတို့၏ ရှုတဲ့ ဉာဏ်ကလေး သတိကလေးကို သမာဓိက ခေါင်းစီးပြီး သကာ လ သူကမင်းသတိကလေးအဲ့ဒီကိုသွား၊ မင်းပညာလေး ဖြစ်ပျက် ရှိတဲ့ ဆီသွားလို့ သမာဓိက အမှန်အကန်ဖြစ်ပျက်ရှိတဲ့ဆီကို

ရောက်အောင်ပို့ပြီးသကာလ နေတာသည် သမာဓိ အလုပ်လို့ ဒကာ ဒကာမတွေကမှတ်ပါ. . . (မှန်ပါဘုရား)။

သမ္မာသမာဓိ ဆိုတာသည် အမှန်အကန် တည်ကြည်မှု၊အမှန်အကန်တည်ကြည်မှု ဒကာစိန်ဘာပါလိမ့်မတုံး သမာဓိ ဆိုတာ. . . (အမှန်အကန်တည်ကြည်မှုပါဘုရား)။

## အမှန်အကန်တည်ကြည်မှု

အမှန်အကန်တည်ကြည်မှု၊ သမ္မာက- အမှန်အကန်၊ သမာဓိက-တည်ကြည်တာ-ဟုတ်လား၊ အမှန်အကန်တည်ကြည်မှုကို ဘာခေါ်ကြမယ်. . . (သမ္မာသမာဓိပါဘုရား)၊ အေး. . . သမ္မာ သမာဓိလို့ ဒေါ်ခန့်တို့ မှတ်ကြစမ်းပါ။

အမှန်အကန်တည်ကြည်မှုကို သမ္မာသမာဓိလို့ ခေါ်တယ်။ အဲ့ဒီ သမာဓိ ဒကာ ဒကာမတွေက၊ သမာဓိဆိုတာသည် ခိုင်မြဲပြီးသကာလ ရုပ်ကြီးတွေကခိုင်နေတာကိုဆိုတာ မဟုတ်ပါဘူး။

တချို့နေရာတွေမှာ ရုပ်တွေခိုင်ပြီး သကာလနေတာရှိတယ်၊ အဲ့ဒါမျိုးမဟုတ်ဘူး၊ ဝေဒနာလေးဟာ၊ ဥပမာ- မျက်လုံးထဲ ဥပေက္ခာဝေဒနာပေါ်တယ်၊ ကိုယ်ပေါ်မှာသုခ၊ ဒုက္ခပေါ်တယ်၊ အဲ့ဒီ သုခ ဒုက္ခရှိတဲ့နေရာဟာ အဖော်ပါတဲ့ သမာဓိက အမှန်အကန်တည်ရမယ်. . . (မှန်ပါဘုရား)။

ဖြစ်ဖော် ဖြစ်ဖက်တွေကိုလည်း မင်းတို့ အဲ့ဒိကိုသွား ကွ၊ မင်းတို့သည့်ကား ကိုယ်ပေါ်မှာသုခပေါ်တယ်၊ အဲ့ဒီ သုခဖြစ်ပျက်ဆီသွား၊ သမာဓိက ခေါင်းဆောင်လိုက်တယ်၊ သမာဓိက

ခေါင်းဆောင်လိုက်တော့ သတိကလည်း မနေသာ၊ အဲ့ဒိသွား ပညာကလည်း မနေသာအဲ့ဒိရှု၊ ဝီရိယကလည်းမနေ သာ၊ အဲ့ဒိ ဝီရိယစိုက်၊ဟုတ်လား. . . (မှန်ပါဘုရား)။

ဝိတက်ကလည်း မနေသာ အဲ့ဒိရှု၊ ဝိစာရကလည်း မနေ သာ အဲ့ဒိပဲ သုံးသပ်၊ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## လူတစ်ယောက်နဲ့ နွား (၇)ကောင်

ဒါဖြင့် သမာဓိကလေးဟာ လောကီဥပမာပြောကြပါစို့ ဆိုလို့ရှိရင်ဖြင့် နွားခုနစ်ကောင်ကို လူတစ်ယောက်က ကျောင်း တဲ့အခါကျလို့ရှိရင် ဒီလမ်းမှတစ်ပါးနွားတွေဘယ်မှ မသွားရအောင် ဒကာစိန်ရေ ကြိမ်တဝင့်ဝင့်၊ တုတ်တဝင့်ဝင့်နဲ့နွား ခုနစ်ကောင်ကို ကျောင်းတော့ နွားခုနစ်ကောင်ဟာ ဒီလမ်းပဲသွားနေတယ်. . . (မှန်ပါဘုရား)။

ဘေးကိုမတက်ရဘူး၊ အဲ့ဒိကဲ့သို့ မတက်တော့နွားခုနစ် ကောင်၏ သဘောသည် ဘယ်သူ့အပေါ်မှာ မှီပြီးသကာလ အဖြောင့်သွားနေကြပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါကျတော့ နွားကျောင်းသားတစ်ယောက်အပေါ်မှာမှီပြီး အဖြောင့်သွားနေ တယ်၊ မောင်ထွန်းရင် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

နွားကျောင်းသားတစ်ယောက်အပေါ် အမှီပြုပြီးသကာလ အဖြောင့်သွားနေတယ်လို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်း ပါ. . . (မှန်ပါဘုရား)။

## နွားကျောင်းသားက သမာဓိနဲ့တူတယ်

ဒါဖြင့် နွားကျောင်းသားသည် ဒီနွားတွေ၏ သူသွားလိုတဲ့လမ်း၊ သူသွားလိုတဲ့မြက်ခင်းကို နွားကျောင်းသားက နွားခုနစ်ကောင်ကိုဘယ်မှမရွေ့မပြောင်းရအောင် သူ့သွားလိုတဲ့မြက်ခင်း၊ သူသွားလိုတဲ့ရေအိုင်၊နွားခုနစ်ကောင်ကို တစ်ယောက်တည်းက နေ မကျောင်းဘူးလား. . . (ကျောင်းပါတယ်ဘုရား)။

ကျောင်းတဲ့အခါကျတော့ ဒီနွားတွေသည် သူ့အလိုတိုင်း နွားကျောင်းသား၏ အလိုတိုင်း ရေအိုင်ရှိရာနဲ့ မြက်ရှိရာကိုသာ သွားရတယ်၊ ဒိပြင်တောတောင်တွေ လှည့်ပတ်ပြီးသွားချင်လို့ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘူးဘုရား)။ဘယ်သူ့သတ္တိပါလိမ့်. . . (နွားကျောင်းသားသတ္တိပါဘုရား)။

ဒီမှာလည်း ကျန်တဲ့ မဂ္ဂင်ခုနစ်ပါး ဒကာ ဒကာမတွေမှတ်လိုက်စမ်း၊ ဒီနေ့တော့ မဂ္ဂင်ခုနစ်ပါးတွေကို ဘာတုံး၊ သမာဓိချန်လှပ်ထား ကျန်တဲ့ မဂ္ဂင်ခုနစ်ပါးက-

သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပ
သမ္မာဝါစာ
သမ္မာကမ္မန္တ
သမ္မာအာဇီဝ
သမ္မာဝါယာမ
သမ္မာသတိ၊

ကျန်တဲ့(၇)ပါးမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒီ (၇)ပါးက နွားနဲ့တူတယ်၊ သမာဓိက နွားကျောင်းသားနဲ့တူတယ်။

## ဖြစ်ပျက်ဆီသွားကြ

အဲ့ဒီ နွားကျောင်းသားတည်းဟူသော သမာဓိကသူ့အလို လိုက်ပြီး နွားတွေဟာ အလိုရှိတဲ့ဆီ၊ မြက်ခင်းရှိရာ၊ ရေအိုင်ရှိရာသို့ နွားကျောင်းသားသဘောသို့နွားတွေသည် အကုန်လိုက်ရဘိသကဲ့သို့ ခင်ဗျားတို့ဖြစ်ပျက်တည်းဟူသော မြက်ခင်း၊ ဖြစ်ပျက်တည်းဟူသော ရေအိုင်ရှိရာသို့ သမာဓိက တစ်ခါတည်းကျန်တဲ့ (၇)ပါးကို အကုန်ခြံပြီး သကာလ မင်းတို့အဲ့ဒီသွားကြ။

ဖြစ်ပျက် မြက်ခင်းရှိတဲ့ဆီသွား၊ ဖြစ်ပျက်ရေအိုင်ရှိတဲ့ဆီ သွားလို့ အကုန်ကိုကြီးစိုးထားလိုက်တာ. . . (မှန်လှပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲ့ဒီကဲ့သို့ ရိပ်မိတော့ ဩော်. . . သမာဓိဆွဲဆိုတာ ဟုတ်လိုက်လေတယ်၊ အားလုံးအပေါ် ကြီးစိုးသွားတယ်. . . (မှန်လှပါဘုရား)။ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

နွားကျောင်းသားတစ်ယောက်တည်းက နွားခုနစ်ကောင် အပေါ်မှာ ကြီးစိုးသွားတယ်. . . (မှန်ပါ)၊ ဒီ ဒကာ ဒကာမတွေ အလုပ်လုပ်တော့လည်း မြက်ခင်းနဲ့တူတဲ့ ဖြစ်ပျက် ပေါ့ဗျာ၊ ဝေဒနာဖြစ်ပျက်၊ အဲ့ဒီကဲ့သို့ ဝေဒနာဖြစ်ပျက်တွေ အပေါ်၌

မင်းတို့သတိလည်း ဘယ်မှမသွားရ၊ ပညာလည်း ဘယ်မှမသွား ရ၊ အလုံးစုံ ကျန်တဲ့(၇)ပါး ဝီရိယလည်း ဘယ်မှမသွားရ၊ အဲ့ဒီ နေရာပဲသွားရမယ်လို့ဆိုတာ ဘယ်သူခေါင်းဆောင်တယ်ဆို တာ ဒကာ ဒကာမတွေရိပ်မိပါပြီ. . . (ရိပ်မိပါပြီဘုရား)။

## သမာဓိက အကြီးအမှူး

ဘယ်သူခေါင်းဆောင်သတုံး. . . (သမာဓိခေါင်းဆောင်ပါ တယ်ဘုရား)။ အဲဒီတော့ သမာဓိကကြီးစိုးသောကြောင့်(ဝါ) အကြီးအမှူး ဦးစီးနာယက ဖြစ်လေသောကြောင့် ကျန်တဲ့(၇)ခု တွေဟာ သူခိုင်းတဲ့ ဖြစ်ပျက်မြက်ခင်း ပေါ်မှတစ်ပါး၊ ရေအိုင် ပေါ်မှ တစ်ပါး၊ဒကာသိုက်ဘယ်မှမသွားဘူး. . . (မှန်ပါဘုရား)၊ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာခင်ဗျားတို့ ဝေဒနာလေးဟာကိုယ်ပေါ်မှာ ပေါ်တယ်သုခလေး၊အင်း. . . လေကလေးတိုက်လို့ချမ်းသာလိုက်တာ၊ ကော်ဇောလေးပေါ် ထိုင်ရလို့ ဟန်ရလိုက်တာဆိုတော့ သုခဝေဒနာလေး မပေါ်ဘူး လား. . . (ပေါ်ပါတယ်ဘုရား)။

အဲ့ဒိနေရာလေးကို သမာဓိက ဦးတည့်လိုက်ပြီဆိုလို့ရှိ ရင် ကျန်တဲ့(၇)ပါးဟာ မောင်ထွန်းလှိုင်သူတို့လည်း အဲ့ဒိဦးတည့် တာ. . . (မှန်ပါဘုရား)၊ပြေးနိုင်သေးရဲ့လား. . . (မပြေးနိုင်ပါ ဘုရား)။

ဘယ်သူကြီးစိုးနေသတုံး. . . (သမာဓိကြီးစိုးနေပါတယ်ဘုရား)။သမာဓိကြီးစိုးနေသောကြောင့် မတုတို့ သမာဓိသည် သမာဓိလို့မဆိုတော့ဘူး၊ ဣန္ဒြေအစိုးရတယ်. . . (မှန်ပါဘုရား)၊ ကျန်တဲ့(၇)ပါးအပေါ်မှာအစိုးရတယ်. . . (မှန်ပါဘုရား)။

## သမာဓိန္ဒြေဆိုက်အောင်

အစိုးရတော့ သူ့အလိုမလိုက်ရဘူးလား. . . (လိုက်ရပါတယ်ဘုရား)။ အေး. . . သူ့အလို လိုက်ကြရတယ်၊ အဲ့ဒါကြောင့် သမာဓိန္ဒြေဆိုက်အောင် ဒကာ ဒကာမတွေက ဝေဒနာတည်းဟူသော မြက်ခင်းကို ရှုချင်လို့ရှိရင် သမာဓိန္ဒြေမင်းဖြင့် ခိုင်ခိုင်မြဲမြဲ တည်တည်ကြည်ကြည်ကြီးကို ရှုမယ်ဆိုပြီး စိတ်ထားပြင်းပြတဲ့ ဝီရိယနဲ့တွဲပြီးသကာလ မနေ့ကပြောသလို သမာဓိကိုခေါင်းဆောင်ထားပြီး ရှုလိုက်မယ်ဆိုရင် ခင်ဗျားတို့ဖြစ်ပျက်ဘယ်မှ မပြေးနိုင်ဘူး. . . (မှန်ပါဘုရား)။

ပြေးနိုင်သေးရဲ့လား. . . (မပြေးနိုင်ပါဘူးဘုရား)၊ မပြေးနိုင်တော့ ဒီဖြစ်ပျက်မပြေးနိုင်တော့ကို ဘာဖြစ်လို့ မပြေးနိုင်ရသတုံးလို့မေးတော့ ဒီ သမာဓိကကြီးစိုးပြီး နွား နွား(၇)ကောင်နဲ့တူတဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ အစရှိသည်တို့မင်းတို့ဘယ်မှ မပြေးရဘူး၊ မင်းတို့ ဖြစ်ပျက် မြက်ခင်းအပေါ်မှာသာ ကျက်စားရမယ်ဆိုတော့ ဒကာသိုက်ရေ ဘယ်ကျက်စားသတုံး. . . (ဖြစ်ပျက်မြက်ခင်းအပေါ်မှာဘုရား)။

## ဖြစ်ပျက်အပေါ်မှာ ကျက်စားခိုင်းပါ

ဒေါ်အုန်းခင်ရေ ဖြစ်ပျက်ပေါ်နေ၁. . . (မှန်ပါဘုရား)၊ အဲ့ဒီကဲ့သို့ ဒကာ ဒကာမတွေက ဖြစ်ပျက်အပေါ်မှာ ကျက်စားခိုင်းလိုက်လို့၊ ဖြစ်ပျက်အပေါ်မှာ ကျက်စားခိုင်းနိုင်လို့ မဂ္ဂင်(၇) ပါးတည်ရော၊ ခေါင်းဆောင်သွားပြီဆိုမှဖြင့် ဒါ- ဟိုက ဖြစ်ပျက်ကဒုက္ခသစ္စာဖြစ်၍၊ဒီကဖြစ်မှုကလေး မဂ္ဂသစ္စာလာ ဖြစ်တယ်. . . (မှန်ပါဘုရား)၊ဘယ်လောက်အဖိုးတန်သတုံး. . . (တန်ပါတယ်ဘုရား)။

အဲ့ဒါ ဒကာ ဒကာမတွေက မဂ်ရချင်တဲ့ ဒကာ ဒကာမတွေ၊ အပါယ်တံခါးပိတ်ချင်တဲ့ ဒကာ ဒကာမတွေ၊ အိုနာ သေနဲ့ အဆက်ပြတ်ချင်တဲ့ ဒကာဒကာမတွေဖြစ်ပါမူကား သမာဓိကြီးကြီးကျယ်ကျယ်ထားပြီးသကာလ ကျန်(၇)ပါးကို ဖြစ်ပျက်မြက်ခင်းဆီသို့ လွှတ်ပေးစမ်းပါ. . . (မှန်လှပါ ဘုရား)။

## သမာဓိအရေးကြီးလို့

ဒကာသိုက်ရေ ဒီနေ့ ပြောတဲ့တရားဟာ ဂရုစိုက်ပါ၊ ဂရုစိုက်ကြပါတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သမာဓိ အရေးကြီးလို့ပြောနေတယ် ဒေါ်အုန်းခင်ရ. . . (မှန်ပါဘုရား)။

သူက နွား(၇)ကောင်ကျောင်းနိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်. . . (မှန်ပါဘုရား)။ ကျန်တဲ့ မဂ္ဂင်(၇)ပါးကို သူအလို

ရှိတဲ့ဆီသို့သွားအောင် သူတတ်နိုင်တဲ့စွမ်းရည်သတ္တိရှိတယ်. . . (မှန်ပါဘုရား)။

အဲဒီတော့ မောင်ထွန်းလှိုင် သမာဓိဟာ ပေါ့ပေါ့လုပ်လို့မရဘူး. . . (မရပါဘုရား)၊သမာဓိဟာ အရေးကြီးတယ်. . . (မှန်ပါဘုရား)၊ဟော့. . . မောင်ဘညွန့်တို့သဘောကျပြီလား. . . (ကျပါပြီဘုရား)၊အင်မတန်အရေးမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

နွား(၇)ကောင်၊ နွားကျောင်းသားတစ်ယောက်က နိုင်တယ်ဆိုကတည်းက နွားကျောင်းသား၏ တန်ခိုးအာဏာသည် ဒကာစိန် တော်တော်သတ္တိထက်တယ်. . . (မှန်ပါ)၊ တော်တော်သတ္တိမထက်ဘူးလား. . . (ထက်ပါတယ်ဘုရား)။

## ဝိပဿနာရှုတဲ့အခါကျတော့

ထို့အတူပဲ ဒကာဒကာမတို့ ဝိပဿနာရှုတဲ့အခါကျတော့ အဲဒီဝေဒနာ ဖြစ်ပျက်ဆီမှတစ်ပါး မင်းတို့ဘယ်မှ မသွားရဘူး၊ ဒီမှာပဲ ဦးတည့်ကြရမယ်၊ ဒီကိုပဲ ဦးတိုက်ကြရမယ်၊ ဒီကိုသာလျှင် အဖြောင့်သွားကြရမယ်လို့ဆိုတာက သမာဓိ၏ တန်ခိုး၊ ဒကာသိုက်ရေ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

တယ် တန်ခိုးကြီးပါလား. . . (ကြီးပါတယ်ဘုရား)၊ အေး. . . ဒါကြောင့် ဒီသမာဓိကိုဒီလောက်အရေးကြီးတယ်ဆိုတာ ဘုရားကဒကာ ဒကာမတွေအတွက် မှာလိုက်တယ်

ဆိုတာ တယ်နားထောင်ဖို့ကောင်းတယ်. . . (မှန်ပါဘုရား)။

## သမာဓိကို အသုံးချကြစမ်းပါ

သမာဓိများ အရေးတကြီး အသုံးချကြစမ်းပါ၊ မင်းတို့ သမာဓိဟာ မင်းတို့သန္တာန်ရှိပါရဲ့သားနဲ့ မင်းတို့အသုံးမချ တတ်တာနဲ့ မင်းတို့မဂ်ဖိုလ်ကြီးနဲ့အလွဲကြီးလွဲပြီး၊ အကွဲကြီး ကွဲနေရတယ်၊ ဒါကြောင့် မင်းတို့ အဆင်းရဲကြီး ဆင်းရဲပြီး သကာလ သံသရာထဲနေကြရတယ်။

မင်းတို့ သမာဓိ အသုံးမချလို့ဆိုတော့ သမာဓိ ဦးတည် လိုက်တယ်ဆိုတော့ ပညာကလည်းပြေးနိုင်သေးရဲ့လား. . . (မပြေးနိုင်ပါဘူးဘုရား)။

မပြေးနိုင်တော့ဘူး၊ တစ်ခါတည်းဖြစ်ပျက်အပေါ်မှာပဲ ဦးတည်ပြီးနေရတော့ အဲ့ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဈာယ ဘိက္ခု မာစ ပမာဒေါ။

ဘိက္ခု- သံသရာဘေးကို ရှုလေ့ရှိသော ပုဂ္ဂိုလ်သည်၊ ဈာယ-စိုက်စိုက်စူးစူး တစ်ခါတည်း ဖြစ်ပျက်အပေါ်၌ ရှုလိုက်ပါ၊ မာစ ပမာဒေါ- တဲ့ မေ့လျော့ပေါ့ဆ၍ မနေလိုက်နဲ့ကွ၊ ဖြစ်ပျက် သာ စူးစူးစိုက်စိုက်ရှုပါ. . . (မှန်ပါဘုရား)။

## ကာမဂုဏ်နဲ့ မမွေ့လျော်နဲ့

ဘုရားက မှာတော်မူတယ်၊ တေ- သင်၏၊ စိတ္တံ- စိတ်သည်၊ ကာမဂုဏေ - ငါးဖြာအာရုံ ကာမဂုဏ်နဲ့၊မာရမသု- မမွေ့လျော်လိုက်ပါနဲ့။

မင်းတို့ စိတ်ဟာတဲ့ လောဘ၊ ဒေါသ၊ မောဟတို့၏ ကျက်စားတဲ့နေရာဌာနကို မင်းတို့ ကျက်စားမနေပါနဲ့တဲ့၊လောဘ၊ ဒေါသ၊မောဟတို့ဟာ အကောင်းကြိုက်တွေဗျ. . . (မှန်ပါဘုရား)။

အဲ့ဒီ သူကျက်စားချင်တဲ့ဆီ မင်းတို့က မကျက်စားစေနဲ့၊ဒီဖြစ်ပျက်တည်းဟူသော အနိစ္စလက္ခဏာအပေါ်၌လည်း ကောင်း၊ဒုက္ခသစ္စာအပေါ်၌လည်းကောင်း၊ ဒကာ ဒကာမ တွေသည်တဲ့ သမာဓိနဲ့ စူးစူးစိုက်စိုက်ရှုလိုက်ပါ။

အကယ်၍များတဲ့ တပည့်တော်တို့စိတ်ဟာ ငါးပါးအာရုံ ကာမဂုဏ်တွေကို လိုက်ပြီး ရှုနေမယ်၊ လိုက်စားနေမယ်ဆိုလို့ ရှိရင်ဖြင့် မာလောဟဂုဠံ ဂိလိပမတ္တော၊ လောဟဂုဠံ- ပူလောင်တဲ့ သံတွေခဲကို၊ မာဂိလိ-မမျိုမိစေနဲ့။

## သံတွေခဲကို မမျိုမိစေနဲ့

မင်းတို့ ငါးပါးအာရုံကာမဂုဏ်တွေထဲ သားသမီး ခင်ပွန်းအစရှိသည်တို့ ဒကာ ဒကာမတွေက ရှုနေတုန်း ဟိုဘက်

ကိုခင်မိမယ်ဆိုလို့ရှိရင် အဲ့ဒါ သံတွေခဲမျိုလိုက်တာလို့ ကိုယ့်စိတ်ထဲ ဆုံးဖြတ်ချက်ချလိုက်. . . (မှန်လှပါဘုရား)။

အင်း. . . သားကိစ္စရှိလို့၊ မြေးကိစ္စရှိလို့ စိတ်ကလေးက ပြေးသွားတယ်ဆိုလို့ရှိရင်ဖြင့်၊ မတု-တို့ သံတွေခဲမျိုလိုက်တာပဲ. . . (မှန်လှပါဘုရား)၊ ရှုနေရင်းမတ္တနဲ့ပေါ့ ဒကာစိန်ရာ. . . (မှန်လှပါဘုရား)။

## သံတွေခဲကို မျိုတယ်လို့မှတ်

သားရေးသမီးရေး စီးပွားရေးကို ကြောင့်ကြသလိုလို၊ စိုးရိမ်သလိုလို၊ လွမ်းဆွတ်သလိုလို လာခဲ့လို့ရှိရင် အဲ့ဒါ ရှုနေရင်းမတ္တ လာလို့ရှိရင်သံတွေခဲမျိုတယ်လို့သာ ဘုရားကမှတ်လိုက်တဲ့. . . (မှန်ပါဘုရား)၊ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

သံတွေခဲ မမျိုမိပါစေနဲ့ မှာတော်မူလိုက်ပါတယ်၊ မာလောဟ ဂုဠ မာစ ပမာဒေါ- မေ့လျော့သည်ဖြစ်၍ လောဟဂုဠ-ငရဲ ကျဖန် ပူလောင်ရဲရဲ သံတွေခဲကို၊ မာဂိလိမမျိုမိပါစေနဲ့။

မင်းတို့ စူးစူးစိုက်စိုက် လုပ်ပါကွာတဲ့၊ မင်းတို့ နေ့တိုင်းစားသောက်နေတဲ့ သားရေး၊သမီးရေး၊ စီးပွားရေး၊ လောဘ၊ ဒေါသ၊ မောဟဖြစ်တဲ့ အရေးတွေဟာဖြင့် သံတွေခဲမျိုနေတာပော့၊ မင်းတို့အတွက်ဟာ အင်မတန်ကြောက်စရာကောင်း

တယ်. . . (မှန်ပါဘုရား)။

## သံတွေခဲဆိုတာ

သံတွေခဲဆိုတာ မီးရဲရဲတောက်သည့် သံခဲကိုဆိုသည် . . . (မှန်ပါဘုရား)။ အဲ့ဒါ ပါးစပ်ထဲထည့်ပြီး ဒကာ ဒကာမတွေ မျိုလိုက်မယ်ဆိုလို့ရှိရင်ဖြင့် တစ်ခါတည်း ဒွါရက ပေါက်ထွက်ပြီး အူတွေပါပြတ်ထွက်ပြီး အသက်ဆုံးခြင်းသို့ ရောက်ရမယ်. . . (မှန်ပါဘုရား)၊ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာရှုနေလို့ရှိရင် သမာဓိက နွား(၇)ကောင် ကျောင်းသလို ဖြစ်ပျက်ပေါ်မှာတစ်ပါး၊ ဘယ်မှ မသွားစေဘူးပေ့ါ၊ပညာကိုလည်း ဘယ်မှမသွားစေဘူး၊ သတိကို လည်း ဘယ်မှမသွားစေ၊ သမာဓိကိုလည်း ဘယ်မှမသွား၊ ဒီ ဝိတက်ဝိစာရ ဘယ်မှမသွားစေဘဲ ဒီအပေါ်မှာထား. . . (မှန်ပါဘုရား)။

ဒီအပေါ်ဆိုတာ ဘာပါလိမ့်မလဲလို့ဆိုတော့ ဖြစ်ပျက် ပေါ့. . . (မှန်ပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## စိတ်တည်တည်ကြည်ကြည်ထားပါ

ဝေဒနာလေး၏ဖြစ်ပျက်အပေါ်မှာဒကာဒကာမတွေစိတ် တည်တည်ကြည်ကြည်ထားပါ၊ဘယ်မှမပြေးပါစေနဲ့၊အဲ့ဒီမပြေး

လိုက်လို့ရှိလို့ရှိရင်ဖြင့်ခင်ဗျားတို့သမာဓိကနိုင်သွားပြီဆိုတော့ ကျန်တဲ့ပညာတို့၊သီလမဂ္ဂင်တို့၊ပညာမဂ္ဂင်တို့ မောင်ထွန်းလှိုင် ဟိုပေါ်မှာ အကုန်ရောက်တယ်. . . (မှန်ပါဘုရား)။

မရောက်သေးဘူးလား. . . (ရောက်ပါတယ်ဘုရား)၊ ဖြစ်ပျက်အပေါ်မှာ အကုန်ရောက်ပြီ၊ ဒေါ်အုန်းခင်ရေ. . . ဖြစ်ပျက်အပေါ် အကုန်ရောက်တဲ့အခါကျတော့ ဩော်. . . သူတို့ကအမှန်သိတယ်. . .၊သမာဓိကတော့ ဒီမတိမ်းမစောင်း အောင်ပို့ပေးတာပဲ. . . (မှန်ပါဘုရား)။

တကယ်သိတာကတော့ သတိတို့ပညာတို့ကသိတာ. . . (မှန်ပါဘုရား)။ သတိက သတိထားရမယ်၊ပညာက သိတယ်၊ ပညာကသိတဲ့အခါကျတော့ ဩော်. . . တို့ ဒီရောက်လာတာ သည် ဘယ်သူ့ကြောင့် ပါလိမ့်မတုံးလို့ ပညာကကြည့်လိုက်တဲ့ အခါ သမာဓိမောင်းနှင်ထုတ်လိုက်တာကိုးဆိုတာ ပေါ်လာ တယ်. . . (မှန်ပါဘုရား)။

## ပညာကဖြစ်ပျက်ရှိတဲ့ဆီရောက်တယ်

သမာဓိက မောင်းနှင်ထုတ်သမား၊ ပညာတို့က မောင်း နှင်လိုက်လို့ သွားပြီးသကာလ ဟိုမှာဘယ်လိုကိစ္စပါလိမ့်မတုံးလို့ သွားကြည့်သမား. . . (မှန်ပါဘုရား)၊ဟော. . . မမြဲတဲ့ ကိစ္စကြီး ပါလား ဟော. . . သွားမြင်တယ် ဒကာစိန်၊ ရိပ်မိပြီလား. . .

(ရိပ်မိပါပြီဘုရား)။

သမာဓိက မောင်းနှင်ထုတ်လိုက်တော့ ပညာကဖြစ်ပျက်ရှိတဲ့ဆီ ရောက်မသွားဘူးလား. . . (ရောက်သွားပါတယ်ဘုရား)၊ ရောက်သွားတဲ့အခါကျတော့ သမာဓိက မောင်းနှင်ထုတ်လိုက်လို့ ပညာက ကြည့်လိုက်တဲ့အခါ ဒါ ဘာပါလိမ့်မတုံးဆိုတဲ့ ဥစ္စာသည် ဝိတက်က စုံစမ်းလိုက်လို့ ဝိစာရက လှည့်သုံးသပ်လိုက်တာ. . . (မှန်ပါဘုရား)။

## ဝိတက်၊ ဝိစာရ

အဲ့ဒီ ဝိတက်၊ ဝိစာရတွေက လှည့်ပြီး သုံးသပ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဩော်. . . ဒါသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဖြစ်ပြီးပျက်တဲ့ တရားထူးလေးပဲ၊ တခြားဘာမှမတွေ့ဘူး. . . (မှန်ပါဘုရား)၊အဖြစ်နဲ့အပျက်ပဲတွေ့တယ်. . . (မှန်ပါဘုရား)၊ ဖြစ်ပြီးပျက်တဲ့ ဓမ္မအထူးလေးပဲလို့ သွားတွေ့တယ်. . . (မှန်ပါဘုရား)။

အဲ့ဒီ သူတို့တွေ့တာသည် ဒီသမာဓိက နောက်ကမောင်းနှင်ထုတ်လို့သာလျှင် ပညာက တွေ့တာ. . . (မှန်ပါဘုရား)၊ နို့မဟုတ်ရင်တွေ့ပါ့မလား. . . (မတွေ့ပါဘူးဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ပညာတော့ဖြင့် အမြတ်ဆုံးရောက်အောင် ထားကြပါတော့၊ သို့သော် သမာဓိမပို့ရင်

မရောက်ဘူး. . . ဒကာသိုက်ရေ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊ သမာဓိအရေးကြီးပုံပေါ်ပြီလား. . . (ပေါ်ပါပြီဘုရား)။

အေး. . . သမာဓိ အရေးကြီးတာ ပေါ်ကြပါတော့၊ သမာဓိက မောင်းနှင်ထုတ်လိုက်မှ ဒကာစိန်ရ ဖြစ်ပျက်ပေါ်ဒေါ်ခန့်တို့ ဉာဏ်ရောက်တယ်ဆိုတာ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊သမာဓိမပို့ရင်. . . (မရောက်ပါဘူးဘုရား)။

## သူ့နေရာနဲ့သူအရေးကြီးတယ်

မရောက်ဘူးဆိုတော့ ဩော်. . . သူ့နေရာနဲ့သူအရေးကြီးပါလား၊ တစ်ခါ သမာဓိချည့်ထုတ်ကြိုးစားလိုက်ပြန်လို့ရှိရင် သမာဓိက လွန်သွားပြန်လို့ရှိရင်လည်း ဒကာဒကာမတို့ ဟိုပညာတွေသူမပို့နိုင်ဘူး. . . (မပို့နိုင်ပါဘုရား)။

အဲဒီတော့ သမာဓိသည်ကားလို့ဆိုရင် မလွန်မှသူကလည်းပို့နိုင်တာ. . . (မှန်ပါဘုရား)၊ အမှန်သွားမှ၊ သိပ်ပြီးတစ်ကောင်တည်း နင်းမောင်းလိုက်ပြီဆိုမှဖြင့် ကျန်တဲ့အကောင်တွေက လန့်ပြေးကုန်၊ ဟိုကုန်းတက်၊ ဒီကုန်းတက် ဖြစ်လာမှာပေါ့. . . (မှန်ပါဘုရား)။

မှန်မှန်ထားပြီး မှန်မှန်မောင်းလိုက်တဲ့အခါကျတော့ ဖြစ်ပျက်မြက်ခင်း၊ဖြစ်ပျက်ရေအိုင်ဆီမှတစ်ပါး ဒကာစိန်ဘယ်မှမသွားဘူး. . . (မသွားပါဘုရား)၊ ရိပ်မိကြပြီလား. . .

(ရိပ်မိပါ ပြီဘုရား)။

## ငါသံတွေခဲမျိုပါပေါ့လား

ဒါဖြင့် သမာဓိ ဘယ်လောက်အရေးကြီးသတုံး. . . (အရေးကြီးပါတယ်ဘုရား)၊ အဲ့ဒီအချိန်တိုင်း ခင်ဗျားတို့ ဆုံးမကြစမ်းပါတဲ့၊စိတ်ကလေးက ထွက်ပြေးတယ်၊သားဘက်ထွက်ပြေးလိုက်၊သမီးဘက်ထွက်ပြေးလိုက်၊ပစ္စည်းဘက်ထွက်ပြေးလိုက် ကြောင့်ကြတဲ့ဘက်များ ထွက်သွားလိုက်လို့ရှိရင် ငါသံတွေခဲမျိုပါပေါ့လား သေခြင်းဆိုးသေရတော့မှာပဲလို့ ကိုယ့်ကိုယ်ကိုဆုံးမလိုက်. . . (မှန်လှပါဘုရား)။

တစ်ခါတည်း ဖြစ်ပျက်ဘက်ကိုပဲ သမာဓိကိုပြန်လှည့် . . . (မှန်လှပါဘုရား)။ အဲ့ဒါ သံတွေခဲမျိုတာတဲ့ ဘုရားက. . . (မှန်ပါဘုရား)။

မာဂိလိ - အဲ့ဒီလိုမျိုမိပြီဆိုမှဖြင့် ဒကာ ဒကာမတို့တဲ့၊ ဒီလို မျိုမိပြီဆိုမှဖြင့် ခင်ဗျားတို့သည် လောဘ၊ဒေါသ၊မောဟ ကောက်ကျစ်တာနဲ့ သေသည်၏အခြားမဲ့၌ အပါယ်မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## အပါယ်ရောက်ရင် အယူခံစရာမရှိ

အပါယ်ရောက်သွားတဲ့အခါကျတော့ ဩော်. . . ငါ့ဆရာဘုန်းကြီးခိုင်းတာ မလုပ်မိဘူး၊ ယခုတော့ဖြင့် ပူလှချည်ရဲ့၊ လောင်လှချည်ရဲ့၊ ဒီဒယ်အိုးကြီးထဲမှာ အကြော်အလှော်ခံပြီးသကာလ ဘယ်တော့မှလည်း လွတ်ရက်ကျွတ်ရက်ဆိုတာ ဘယ်သူ့မှလည်း အယူခံစရာမရှိဘူး၊ရှိရဲ့လား. . . (မရှိပါဘူးဘုရား)။

ကိုယ့်ကိုယ်က ဒီအထဲ ဝုန်းခနဲ သွားဖြစ်တယ်၊ ဘယ်သူ ချလိုက်တာတုံးမဆိုနဲ့၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ ဘယ်သူချလိုက်တာမှ ဆိုစရာမရှိတော့ဘူး၊ ဘယ်သူက လွှတ်ပေးလိမ့်မယ် ဆိုတာကော. . . (မရှိပါဘူးဘုရား)။ ဩော်. . . ဒကာ ဒကာမတို့၏ ကံ၏စီမံသလို ခုနကလောဘ၊ ဒေါသတရားအားထုတ်ရင်း မတ္တနဲ့ပေါ်လာသလို လောဘ၊ ဒေါသ၊ မောဟတို့တည်းဟူသော ကံတွေက စီမံသလို အိုးထဲရောက်ပြီးသကာလ နေတော့မှ ပူလှချည်ရဲ့၊ လောင်လှချည်ရဲ့၊ ပူလှချည်ရဲ့၊ လောင်လှချည်ရဲ့ဆိုပြီး ဘယ်တော့ လွတ်ရက်ရှိပါ့မတုံးလို့ ကိုယ့်ဟာကိုယ်တွေးတော့လည်း ဘယ်သူ့ဆီမှာ အယူခံစရာ၊ ဘယ်သူ့ကပ်စရာ ဒီထဲကလည်း မထွက်နိုင်ဘူး. . . (မှန်လှပါဘုရား)။

ဘယ်သူ့အယူခံပြီး ဘယ်သူ့ကပ်ကြမတုံး. . . (မရှိပါဘူးဘုရား)။အဲဒီတော့ ဘယ့်နှယ့်စဉ်းစားကြမတုံး ရောက်နေမှတော့ ဘယ်နှယ့်စဉ်းစားကြမတုံး. . . (ရောက်နေမှတော့ ဘာမှမတတ်နိုင်ပါဘူးဘုရား)။ ဘာမှ မတတ်နိုင်ဘူးဆိုတော့ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒေါ်ရွှေ. . . (မတတ်နိုင်ပါဘူးဘုရား)၊ ဒကာသိုက်တို့ကော. . . (မတတ်နိုင်ပါဘူးဘုရား)၊ မတတ်နိုင်တာက သခင်ရှာမတွေ့ဘူးတဲ့၊ ဘယ်သူချလိုက်လို့ ဒီအရပ်၊ ဒီဒေသရောက်ပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက အဖြေရှာရမှာကိုယ်ရောက်လာတာ ရောက်လာတာသာသိတယ်၊ဘယ်သူပို့လိုက်တယ်မသိဘူး. . . (မှန်ပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## သားသမီးနဲ့ပျော်ပြီး မနေလိုက်နဲ့

အဲ့ဒါ ခင်ဗျားတို့က သားနဲ့သမီးနဲ့ ဆွေနဲ့မျိုးနဲ့ ရောင်းလို့ဝယ်လို့ စားလို့သောက်လို့ ပျော်ပြီးမနေလိုက်နဲ့ အဲ့ဒါတွေက လောဘဒေါသမောဟတွေ သူတို့ကတော့ဖြင့် ဒယ်အိုးရောက်အောင် ပို့လိုက်ပြီးသကာလ ခင်ဗျားတို့ကို ဒယ်အိုးထဲကထွက်လမ်း ကျွတ်လမ်းမရှိအောင် သူတို့ကလည်း ပစ်ချပြီးတော့ သူတို့က ဘာမှလိုက်စောင့်ရှောက်တော့တာ မဟုတ်ဘူး၊ ရိပ်မိပြီ

လား. . . (ရိပ်မိပါပြီဘုရား)။

အဲ့ဒါ ဒကာ ဒကာမတို့ "ဈာယ ဘိက္ခု မာစပမာဒေါ၊ မာတေကာမဂုဏေ ရမဿုစိတ္တံ၊မာလောဟဂုဠံ ဂိလိပမတ္တော၊ မာကန္ဒိ ဒုက္ခမိဒန္တိ ဒယှမာနော။

ဒယှမာနော - ဒယ်အိုးထဲမယ် မီးလောင်သည်ရှိသော်၊ ကြ္ကဒံ- ဤပူလောင်ခြင်းသည်ကား၊ အတိ-အင်မတန် လွန်လှပါ လား၊ အဟုတ်ပူပါလား၊ မာကန္ဒိ- ပူလောင်လှချည်ရဲ့လို့ငိုပြီး အဲ့ဒီကျတော့ မနေနဲ့ဟုတ်လား. . . (မှန်ပါဘုရား)။

## ငရဲခံရသည့် ဒုက္ခ

ကြ္ကဒံဒုက္ခ- ဤပူလောင်ခြင်း ဒုက္ခသည်ကားလို့ဆိုရင်၊ ဒယှမာနော- မီးလောင်သည်ရှိသော်၊ ကြ္ကဒံဒုက္ခ-ငရဲ၌ ခံရသည့် ဒုက္ခသည်၊မာကန္ဒိ-ပူလှချည်ရဲ့လို့ ငိုပြီးမနေနဲ့တဲ့၊ အလကား ပဲတဲ့. . . (မှန်ပါဘုရား)။

ငိုနေလို့ ဘယ်သူမှ ခင်ဗျားတို့ကို လာသနားမှာမဟုတ် ပါဘူး. . . (မှန်လှပါဘုရား)။ ဘယ်သူက ပို့လိုက်မှန်းကော သိရဲ့ လား. . . (မသိပါဘူးဘုရား)၊ မသိဘူး။

ကဲ. . . ဒကာ ဒကာမတို့ ကြက်ဝမ်းထဲကြက်ဥကလေး ရောက်လာတာ ဘယ်သူက ပို့လိုက်တယ်လို့ သိရဲ့လား. . . (မသိပါဘူးဘုရား)။ ကြက်ကောင်ကလေးတွေ ဖြစ်လာမှ ကြက်မ

ကြီးက မွေးတယ်လို့သာဆိုရတယ်၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

ကြက်မကြီးက မွေးတယ်လို့ ဆိုရတယ်၊ ဘယ်ကပို့လိုက်လို့ ကြက်ကလေးတွေ ဖြစ်လာပါလိမ့်မတုံးလို့ ခင်ဗျားတို့သိရဲ့လား. . . (မသိပါဘူးဘုရား)။

အဲ. . . ကြက်တိရစ္ဆာန် ဖြစ်တာကတော့ အမှန်ပဲ၊ ဘယ်သူပို့လိုက်တယ်ဆိုတော့ မသိတော့ဘူး. . . (မှန်ပါဘုရား)၊ ထို့အတူပဲ ခင်ဗျားတို့ဒယ်အိုးထဲရောက်တဲ့အခါကျတော့ကို၊ "မာကန္ဒိ ဒုက္ခမိဒန္တိ ဒယှမာနော၊ မာကန္ဒိ ဒုက္ခမိဒန္တိ ဒယှမာနော"။

ဒယှမာနော-မီးလောင်ခံ့သည်ရှိသော်၊ ဣဒံ-ဤပူလောင်ခြင်းသည်ကား၊ ဒုက္ခတိ-ဆင်းရဲလှချည်၏တကားဟူ၍မာကန္ဒိ-အဲ့ဒီကျမှငိုမနေနဲ့၊ ဝိပဿနာလုပ်ရင်း နော်. . . (မှန်ပါဘုရား)။

## ဝိပဿနာလုပ်ရင်း ငရဲအိုးပေါ်လာတာ

ဝိပဿနာ လုပ်ရင်း တစ်ခါတည်း ခင်ဗျားတို့သားရေး၊ သမီးရေး၊ စီးပွားရေးတွေ ဝင်လာလို့ ရှုပ်လာပြီဆိုမှဖြင့် အဲ့ဒါ ငရဲအိုးပေါ်လာတာသာ မှတ်လိုက်တော့. . . (မှန်လှပါဘုရား)။ ဟုတ်ပြီလား။

ငရဲအိုး ပေါ်လာပြီးတော့ ဒီဥစ္စာ ဘာပါလိမ့်မတုံးလို့ တွေးမနေနဲ့. အနှောင့်အယှက် သာမညလို့တွေးမနေနဲ့၊ ငရဲအိုး ပေါ်လာတာလို့ တွေးလိုက်ပါ. . . (မှန်ပါဘုရား)၊ဒါမှပဒ ပါဠိတော်ဗျ. . . (မှန်ပါဘုရား)။

ဒကာသိုက်ရေ အရေးကြီးလို့ ပြောနေတယ်၊ ဒယှ မာနေ၁-မီးလောင်သည်ရှိသော်၊ ကူဒံ-ဤပူလောင်ခြင်းသည် ကား၊ဒုက္ခံ-ဆင်းရဲလှချည်၏တကား၊ မာကန္ဒိ-ငိုမြည်တမ်း၍ မနေလိုက်ပါနဲ့၊ အဲဒီကျမှနောင်တရမနေပါနဲ့၊ကဲ. . . ဘယ် လောက်ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)။

ဒီကျမှ နောင်တရနေလို့ "သူခိုးပြေးမှထိုးကွင်းထ" ဆိုလို့ ဘာများအသုံးကျသေးသတုံး. . . (ဘာမှအသုံးမကျပါဘူး ဘုရား)။

## ဘယ်လောက်ကြောက်စရာကောင်းသတုံး

အဲ့ဒီကျတော့မှ ဩော်. . . သားကလည်း မကယ်နိုင်၊ သမီးကလည်း မကယ်နိုင်၊ ပစ္စည်းကလည်း မကယ်နိုင်၊ ဆွေက လည်း မကယ်နိုင်၊ မျိုးကလည်း မကယ်နိုင် ခိုကိုးရာမဲ့ဖြစ်ပြီး သကာလ ကိုယ့်ဟာကိုယ်မျက်ရည်သုတ်ပြီး သကာလ၊ဘယ်မှ လည်း မတိမ်းသာမရှောင်းသာဘဲနဲ့ တစ်ယောက်တည်း ကိုယ့်ဟာကိုယ်နေဖို့ပဲ၊ဘယ်လောက်များ ကြောက်စရာကောင်း သတုံး. . . (ကောင်းပါတယ်ဘုရား)။

## ဖြစ်ပျက်ရှိတဲ့ဆီ ပို့လိုက်စမ်းပါ

အဲ့ဒါ ခင်ဗျားတို့က အခု-ဆရာဘုန်းကြီးက ပြောနေတာက ဒါတွေမြင်လို့ ဒါတွေအရေးကြီးလို့ ကိုင်း ခင်ဗျားတို့ အဲ့ဒီ ငရဲမီးတွေလည်း ငြိမ်းအောင်၊ အဲ့ဒီဒယ်အိုးတွေလည်း ပျောက်အောင် ခင်ဗျားတို့ ဒီအတိုင်းမနေလိုက်ပါနဲ့။ ဝေဒနာ ဖြစ်ပျက်ကိုဖြင့် သမာဓိ ဦးစီးပြီး နွား(၇)ကောင် မောင်းသလို၊ ကျန်တဲ့မဂ္ဂင်တွေပါ အဲ့ဒီဆီ ပို့လိုက်ကြစမ်းပါ။ ဖြစ်ပျက်ရှိတဲ့ဆီ ပို့လိုက်စမ်းပါ. . . (မှန်ပါဘုရား)။

ပို့လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဖြစ်ပျက်က ဒုက္ခသစ္စာဖြစ်လို့၊သမ္မာဒိဋ္ဌိနဲ့တကွရောက်တဲ့ မဂ္ဂင်ရှစ်ပါးက မဂ္ဂသစ္စာ ဖြစ်လို့ဟုတ်ဘူးလား၊ ပို့မယ့် ကိလေသာတရားတွေက သေလို့ မသေဘူးလားဗျာ. . . (သေပါတယ်ဘုရား)။

လောဘ၊ ဒေါသ၊ မောဟတို့က ဒယ်အိုးပို့မှာကိုးဗျ. . . (မှန်ပါဘုရား)၊ အဲ့ဒါတွေက သေနေတော့ ကျုပ်တို့ အတွက်ဟာ ဟိုမှာ ငိုစရာ၊ မြည်တမ်းစရာ ပူလှချည်ရဲ့ဆိုတာ ကြီးဟာ လာသေးသလား. . . (မလာပါဘူးဘုရား)။

## ပြင်းချိန်ရောက်နေပြီ

အဲ့ဒါ စိုးရိမ်လို့ ဒကာ ဒကာမတွေ ပြောနေတော့၊ ဒကာ ဒကာမတွေက အင်း- တို့အနေနဲ့ဖြင့် တို့ပျော်ဦးမှပဲဆိုတာ

ပြင်ကြ. . . (မှန်ပါဘုရား)၊ ဒေါ်အုန်းခင်ရဲ့ ပြင်ချိန်ရောက်နေပြီ. . . (မှန်ပါဘုရား)၊သဘောကျကြပြီလား. . . (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ခု-စားလို့ ခု-ဝတ်လို့၊ ခု-ဟာကလေးနဲ့ပြီးသွားလို့ ရှိတာမဟုတ်ပါဘူး၊ ခင်ဗျားတို့ ပြုတဲ့အကုသိုလ်တွေက တွန်းချမယ်လို့ တစ်ခါတည်းထိုင်ပြီးသကာလ စောင့်နေကြတဲ့ ဥစ္စာ ခင်ဗျားတို့က သတိများလွတ်ပြီး သကာလသမာဓိနည်းနေလို့ ခုနကဖြစ်ပျက်ဆီမရောက်ဘူး ဆိုရင်ဖြင့် ကိုင်း. . . ဒီပုဂ္ဂိုလ်တွေဟာ တို့ ပုဂ္ဂိုလ်တွေကွ၊ သူတို့ကယ်မည့်ယူမည့်သူ မဂ္ဂင်မလာဘူး. . . (မှန်ပါဘုရား)။

ကယ်မည့် ယူမည့်သူ မဂ္ဂင်မလာဘူး၊ မဂ္ဂင်ဖောင်ကြီး တက်စီးမှု အလုပ်သူတို့မှာမရှိဘူး၊ ခုနကပြောသလို ဆရာဘုန်းကြီးပြောသလို သမာဓိနဲ့ မဂ္ဂင်ရှစ်ပါးက တစ်ခါတည်း ဟိုဖြစ်ပျက်ဆီကို သူတို့မရှုဘူး။

အဲ့ဒီတော့ သူတို့သည်ကားလို့ဆိုရင်ဖြင့် တို့စီမံရာလိုက်နာရတော့မယ်ဆိုပြီး ခုနက ဝင်လာတဲ့ လောဘ၊ ဒေါသ၊ မောဟတွေက တစ်ခါတည်း ပို့လိုက်တယ်. . . (မှန်ပါဘုရား)၊ ဒကာသိုက်ဘယ်လောက် ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)၊ကဲ. . . ဒကာဒကာမတွေ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## လောဘလာရင်၊ ငရဲအိုးရောက်လာပြီ

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ လောဘလာလို့ရှိရင်ဖြင့် ဩော်. . . ငရဲအိုးကြီးရောက်လာပြီ၊ဒေါသလာရင်ကော. . . (ငရဲအိုးကြီးရောက်လာပါပြီဘုရား)၊မောဟလာရင်ကော. . . (ငရဲအိုးကြီးရောက်လာပါပြီဘုရား)။

အဲဒီတော့ အဲ့ဒီငရဲအိုးကြီးရောက်လာတော့ ဒီလိုလုပ်လိုက်တော့ ခင်ဗျားတို့ လာတော့လာလိမ့်မယ်၊ ငရဲအိုးကတော့ မလာပါနဲ့ဆိုလို့မရဘူး၊ တော်ကြာ သားသတိရ၊ သမီးသတိရ၊ ဆွေသတိရ၊မျိုးသတိရဆိုတဲ့ သတိရမှုတွေဟာ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## လောဘလာရင် ဖြစ်ပျက်ရှု

အဲ့ဒါလေးတွေ လာတာလေးတွေကိုလည်း အဲ့ဒါလေးတွေ ဖြစ်ပျက်ရှု. . . (မှန်လှပါဘုရား)၊ လောဘလာရင် ဖြစ်ပျက်ရှု၊ဒေါသလာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ မောဟလာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဘာပဲ သတိရရဗျာ ဖြစ်ပျက်ဆီကလွဲပြီး တခြားဟာတွေ ပေါ်လာရင် ပေါ်လာတဲ့ စိတ်ကလေးကို ဖြစ်ပျက်ရှု၊ အင်း. . . ဘာကြောင့်ပေါ်လာတယ်၊သားသိတဲ့စိတ်ကလေးပေါ်လာတယ်၊ သားသိတဲ့ စိတ်ကလေးဖြစ်ပျက်ရှု၊ သမီးကို ခင်တဲ့စိတ်ကလေး ပေါ်လာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## မဂ်ရေတွေက ဟိုမှာသွားငြိမ်းတယ်

အဲ့ဒီလိုဆိုရင် ငရဲ ဒီနေရာတွင် သိမ်းတယ်၊ ငရဲမီး ဒီကနေ သိမ်းလိုက်တယ်၊ သူတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ ငရဲဝင် လာတဲ့ဥစ္စာကို ငရဲမီးတွေဝင်လာတဲ့ဥစ္စာကျုပ်တို့က ဒီကနေပြီး ဖြစ်ပျက်လို့ ရှုလိုက်တော့ ဖြစ်ပျက်ကို မဂ်နဲ့ရှုလိုက်တော့ မဂ်ရေတွေက တစ်ခါတည်း ဟိုမှာသွားငြိမ်းတယ်. . . (မှန်လှပါ ဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ငရဲဒီကနေငြိမ်းတာ၊သဘောကျပြီလား. . . (သဘော ကျပါပြီဘုရား)၊ဒါဖြင့် နောက်တစ်ခါလာပစေ၊မကြောက်ပါနဲ့၊ တကယ်လို့ ကြားထိုးဝင်လာတယ်လို့ဆိုလို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ကြားထိုကလည်း လာချင်လာသေး တာ. . . (မှန်လှပါဘုရား)။

လာရင်ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ လာတဲ့စိတ်ဖြစ်ပျက်ရှု. . . (မှန်လှပါဘုရား)၊ လာတဲ့စိတ်ဖြစ် ပျက်ရှုလိုက်တော့ လာတဲ့စိတ်က ဖြစ်ပျက်ဒုက္ခသစ္စာ၊ ရှုတဲ့ ဉာဏ်က. . . (မဂ္ဂသစ္စာပါဘုရား)။

## မဂ်ရေစင်နဲ့ လောင်းပစ်လိုက်ပါ

မဂ်ရေစင်နဲ့ လောင်းပစ်လိုက်တဲ့အတွက် သူလောဘ အဖြစ်နဲ့မနေရတော့ဘူး၊ အပါယ်ချမလို့လာတာ လာတာ ကတော့လေ၊ဒယ်အိုးဆီပို့မလို့လာတာ သို့သော်လည်းလာတဲ့

လောဘကို ဘာလုပ်ပစ်ရမတုံး. . . (ဖြစ်ပျက်ရှုပစ်ရမှာပါဘုရား)။

အဲဒါကြောင့် လောဘလာလည်း ဖြစ်ပျက်ရှု၊ ဒေါသလာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ မောဟလာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

အေး. . . အဲဒီကဲ့သို့ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီကနေပြီး မဂ်နဲ့ဆရာဘုန်းကြီးပေးတဲ့ဖြစ်ပျက်ရှုတဲ့ဉာဏ်နဲ့၊ မဂ္ဂင်ရှစ်ပါးနဲ့တစ်ခါတည်း ဟိုဖြစ်ပျက်ထိအောင် လုပ်ပစ်လိုက်တော့ လောဘလောဘအဖြစ်နဲ့မနေတော့ဘူး၊ ဒုက္ခသစ္စာဖြစ်တယ်. . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

လောဘ အဖြစ်ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ ဘာဖြစ်သွားပါလိမ့်. . . (ဒုက္ခသစ္စာဖြစ်သွားပါတယ်ဘုရား)၊ အေး ဖြစ်ပျက်ဒုက္ခသစ္စာဖြစ်သွားတယ်၊သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## မဂ်ရေစင်နဲ့ ငြိမ်းကြပါ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒီဥစ္စာ တလာတည်း လာနေတဲ့ဥစ္စာ ခင်ဗျားတို့ မဂ်ရေနဲ့ငြိမ်းကြပါ. . . (မှန်လှပါဘုရား)၊ မဂ်ရေစင်နဲ့ ငြိမ်းလိုက်ပါ. . . (မှန်ပါဘုရား)။ မဂ်ရေစင်နဲ့ ငြိမ်းပါဆိုတာ တခြားမဟုတ်ဘူး၊ လာသရွေ့ဟာ

သူတို့ အနိစ္စတွေလာသောကြောင့် သူတို့အနိစ္စပဲလို့ ဖြစ်ပျက် သာရှုချ. . . (မှန်လှပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီ ဘုရား)၊

အဲ့ဒါ လာတာကိုပဲ မသိလိုက်ဘူးလား. . . (သိလိုက် ပါတယ်ဘုရား)၊ သိရင် ဘာလုပ်ရမှာပါလိမ့်. . . (ဖြစ်ပျက်ရှု ရမှာပါဘုရား)၊ ဖြစ်ပျက်ရှု၊ နောက်ဉာဏ်ကနေ ဖြစ်ပျက်သာ ရှုချလိုက်။

ဒါဖြင့်တို့လာတာကငရဲပို့မလို့လာတာကိုး ဒကာသိုက် ရ. . . (မှန်ပါဘုရား)၊ ကျုပ်တို့က တစ်ခါတည်း မဂ်ရေစင်နဲ့ ငြိမ်းပစ်လိုက်တဲ့အခါကျတော့ ငရဲမျိုးစေ့ဘာဖြစ်သွားသတုံး. . . (ပျောက်သွားပါတယ်ဘုရား)၊ပျောက်ပျက်မသွားဘူးလား. . . (သွားပါတယ်ဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ငရဲမျိုးစေ့ ပျောက်ပျက်သွားတယ်ဆိုတာ သဘောကျ ပြီလား. . . (ကျပါတယ်ဘုရား)။

## တို့ပေါ့နေလို့ မတော်တော့ဘူး

ဩော်. . . ဘုန်းကြီးက ငရဲဒီကနေပြီးသကာလ ငရဲ အိုးကော၊ ငရဲမီးကော ပျောက်အောင် ဒီကနေလုပ်တာကိုး၊ တို့အတွက် တယ်အရေးကြီးပါလား၊တို့ပေါ့လို့မတော်ဘူး ဟော့. . . (မှန်ပါဘုရား)။

အဲ့ဒါကြောင့် ခင်ဗျားတို့ နေပုံထိုင်ပုံကတော့ ဒီမှာ

လောဘ၊ဒေါသ၊မောဟလာတာကို ခင်ဗျားတို့က လက်ခံပြီး သူခိုင်းတာသာ လျှောက်လုပ်နေမယ်ဆိုရင်ဖြင့် ဟိုမှာ ငရဲမီးက တစ်ခါတည်း ထတောက်တယ်. . . (မှန်လှပါဘုရား)။

ငရဲတွေသည်ကားလို့ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဒီကပြုတဲ့ ကံအတိုင်းဟိုမှာပေါ်ရတာ. . . (မှန်လှပါဘုရား)၊ ဒီကနေ ဩော်ဒါ ရုပ်သိမ်းလိုက်ရင်ကော. . . (ဟိုလည်းသိမ်းပြီး သားဖြစ်ပါတယ်ဘုရား)၊ ဟိုလည်း သိမ်းပြီးသားဖြစ်သွား တယ်. . . (မှန်ပါဘုရား)။

ဒီက မလုပ်ပါနဲ့တော့လို့ ရုပ်သိမ်းလိုက်လို့ရှိရင်လည်း ဟိုမှာ အိုးရောအကုန်လုံးပြုတ်တယ်. . . (မှန်လှပါဘုရား)။ ဟာ. . . ဒီကနေတည်ဆောက်ပါ့မယ်ဆိုရင်ကော. . . (ငရဲ ရောက်ပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ဒီကနေတည်ဆောက်တာကို ဒီကနေ ငြိမ်းလိုက်ရလို့ရှိရင်ဖြင့် မောင်ထွန်းလှိုင် တို့ဘာဝန် လေးစရာရှိသတုံး. . . (ဝန်မလေးတော့ပါဘုရား)၊ ရိပ်မိကြ ပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ဆရာကောင်းနဲ့ကြုံတုန်း

ကဲ. . . ဒကာ ဒကာမတို့ခင်ဗျားတို့မှာ ဆရာကောင်း သမားကောင်းနဲ့ ခုကောင်းကောင်းကြီးကြုံတဲ့ အခါကျတော့ ဩော်. . . ငရဲဒီကနေငြိမ်းလည်းရတယ်နော်. . . (မှန်ပါဘုရား)။

လာတဲ့စိတ်ဒီကနေပြီး မဂ်ရေစင်နဲ့ ဖျန်းချ. . . (မှန်ပါဘုရား)၊ ဖြစ်ပျက်ဖြစ်ပျက်နဲ့သာဖြစ်ပြီး ပျက်တဲ့အနိစ္စဝတ-လို့သာရှုချ. . . (မှန်လှပါဘုရား)။

## မဂ္ဂဆိုတော့ ငရဲမီးငြိမ်းသွားတယ်

ရှုချလိုက်တော့ သူက အနိစ္စ၊ ရှုတဲ့ဉာဏ်က မဂ်ရေစင်၊ မဂ္ဂဆိုတော့ ငရဲမီးဒီကငြိမ်းမသွားဘူးလား. . . (ငြိမ်းသွားပါတယ်ဘုရား)။

အဲဒီတော့ ဒီကငြိမ်းသွားတဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ ဆောက်တုန်းကလည်း ဒီကနေဆောက် တာပဲ ငြိမ်းတော့လည်း ဒီကနေငြိမ်းတယ်ဆိုတဲ့ ဥစ္စာကောင်းကောင်း ယုံကြည်ဖို့ကောင်း. . . (မှန်လှပါဘုရား)။

ကောင်းကောင်းယုံကြည်ဖို့ကောင်းတယ် ဒေါ်အုန်းခင်. . . (မှန်လှပါဘုရား)၊ဟုတ်ဘူးလား. . . (မှန်ပါဘုရား)၊အဲဒီတော့ ကိုးတဲ့ တစ်နေ့ကပြောခဲ့သေးတယ် ဒီမှာ အကုသိုလ်လုပ်ရင် ငရဲဘုံပေါက်တယ်ဆိုတာဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

ငရဲဘုံပေါက်တယ်ဆိုတာသိတော့ ဘယ်ကနေဆောက် တာတုံးကွ. . . (ဒီကနေဆောက်တာပါဘုရား)၊ ဒီကနေ ဆောက်တယ်၊ကဲ. . . ဒီကနေဖျက်မယ်ကွာ၊ကဲ. . . ဒကာသိုက် ဘယ်နှယ့်တုံး. . . (ပျက်ပါတယ်ဘုရား)၊ဒီကနေ ဆောက်တာ ကိုး။ ဒီကနေဖျက်ရင်. . . (ပျက်ပါတယ်ဘုရား)။

## ဘုန်းထူး၊ သမ္ဘာထူးတွေ

အဲဒီတော့ဒီဒကာ ဒကာမတွေ ကံထူး၊ဉာဏ်ထူး၊ဘုန်းထူး၊ သမ္ဘာထူးတွေဖြစ်နေတော့ ဩော်. . . ဒီနည်းရနေတယ်. . . (မှန်ပါဘုရား)။

လာခဲ့ပေ့ လောဘ၊ မတတ်သာလို့ ဝင်လာလို့ရှိရင် မင်းကို ဖြစ်ပြီးပျက်တဲ့ အနိစ္စရှုချ. . . (မှန်လှပါဘုရား)၊ မင်းလည်း အနိစ္စပဲလို့ရှုချ. . . (မှန်ပါဘုရား)၊ ဟိုသွားမယ့် ငရဲမီးတွေက ဘာဖြစ်သွားတုံး. . . (သိမ်းသွားပါတယ်ဘုရား)။

ဟိုမှာ ငရဲတည်ဆောက်နိုင်သေးရဲ့လား. . . (မတည် ဆောက်နိုင်ပါဘူးဘုရား)၊ ဩော်. . . ဒါဖြင့်တို့သည်ကားလို့ ဆိုရင်ဆရာကောင်းသမားကောင်းနဲ့ အကြောင်းညီညွတ်ပြီး သကာလနေတော့တို့ငရဲသွားရမှာတို့ဘာမှကြောက်စရာမရှိဘူး။

## ငရဲကို မကြောက်နဲ့

တို့မရှုဖြစ်မှာသာကြောက်ရမှာ. . . (မှန်ပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊ ဘာကြောက်ရမှာတုံး. . . (မရှုဖြစ်မှာကြောက်ရမှာပါဘုရား)။

ငရဲကို မကြောက်နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တည်ဆောက်မယ့်တရားကို ကြောက်လိုက်. . . (မှန်လှပါ ဘုရား)။ တည်ဆောက်တာက လောဘ၊ ဒေါသ၊ မောဟ တည် ဆောက်တာ. . . (မှန်ပါဘုရား)။

အဲ့ဒါဖြစ်ပျက်ရှု. . . (မှန်ပါဘုရား)၊ လောဘလာ လည်း ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဒေါသလာရင် ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊မောဟလာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## သူများကို ငြူစူချင်ရင်၊ ဖြစ်ပျက်ရှု

ခင်ဗျားတို့အမျိုးသမီးတွေက ဣဿာ သူများငြူစူချင် ရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ မစ္ဆရိယသူများ ချမ်းသာတာမနာလိုရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

အေး. . . အဲ့ဒါတွေဖြစ်ပျက်ရှုနေလို့ရှိရင် ဟိုမှာငရဲ အထည်ဘုံပေါ်သေးရဲ့လား. . . (မပေါ်ပါဘူးဘုရား)၊ဘယ်ကနေ ငြိမ်းလိုက်တာတုံး. . . (ဒီကနေငြိမ်းလိုက်တာပါဘုရား)။

ဒီက ဘာနဲ့ငြိမ်းလိုက်ပါလိမ့်. . . (မဂ္ဂင်နဲ့ ငြိမ်းလိုက် ပါတယ်ဘုရား)၊ မဂ်ရေစင်နဲ့ ငြိမ်းလိုက်တယ်တဲ့။ ဒါကြောင့် မဂ်ရေစင်ဟာ ခင်ဗျားတို့ မငြိမ်းမိမှာကိုပဲ ဘုန်းကြီးက ပူတယ်၊ ငရဲကိုမကြောက်နဲ့၊ မငြိမ်းမိမှာကိုပဲ ဘုန်းကြီးက စိုးရိမ် တယ်. . . (မှန်လှပါဘုရား)။

## မရှုဖြစ်မှာကြောက်

အဲဒီတော့ ဒီဒကာ ဒကာမတွေမှာ ငရဲကို ဒီကနေငြိမ်းလျှင် ရနေသောကြောင့် ငရဲမကြောက်ပါနဲ့. . . (မှန်ပါ ဘုရား)။ အခု-လာတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အခု-လာတဲ့ ကြာသာ၊မစ္ဆရိယ ဒါကိုမရှုဖြစ်မှာတော့ကြောက်ကြ. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒကာစိန်ရေ ငရဲမီးကြောက်ရမှာလား၊ ယခုလာတာမထိန်း သိမ်းမိမှာ ကြောက်ရမှာလား. . . (ယခုလာတာမထိန်းသိမ်း မိမှာ ကြောက်ရမှာပါဘုရား)။

## အလွဲကြောက်နေတယ်

အဲဒီတော့ ခင်ဗျားတို့က ယခု ကြောက်နေတာက အလွဲကြောက်နေတယ်. . . (မှန်ပါဘုရား)၊ ဒကာသိုက်ကြီးတို့က အတော်ကို ခွကျနေတယ်. . . (မှန်ပါဘုရား)။

ငရဲမကြောက်နဲ့ဗျာ၊ ဟိုသွားကြောက်. . . (မှန်ပါဘုရား)၊ဟာ. . . တည်ဆောက်မယ့်လူကျတော့မကြောက်ဘူး. . . (မှန်ပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒေါ်ခန့်တို့ကဘယ်သွားကြောက်နေတုံး. . . (ငရဲကြောက်နေတာဘုရား)၊ဟာ. . . မကြောက်နဲ့ဒေါ်ခန့်. . . (မှန်ပါ ဘုရား)၊ ဒီကရှေ့ ပြင်လိုက်ပါ. . . (မှန်လှပါဘုရား)၊ ဒေါ်ရွှေပြင်လိုက်ပါဦး. . . (မှန်ပါဘုရား)၊

## ဘယ်ဟာကြောက်ရမှာတုံး

ဘယ်ဟာကြောက်ရမှာတုံး. . . (တည်ဆောက်မှာ ကြောက်ရမှာပါဘုရား)၊တည်ဆောက်တာက ခင်ဗျားတို့သန္တာန် လောဘ၊ဒေါသ၊မောဟ၊ကုက္ကုစ္စ၊မစ္ဆရိယ၊မာနတွေမရှိဘူး လား. . . (ရှိပါတယ်ဘုရား)၊သူတို့ကတည်ဆောက်နေတာ. . . (မှန်ပါဘုရား)။

အဲဒီတော့ သူတို့ကို ဘာလုပ်ရမတုံး. . . (သူတို့ကို ဖြစ်ပျက်ရှုရမှာပါဘုရား)။ သူတို့ ဖြစ်ပျက်အနိစ္စရှုပစ်လိုက်ပြီ ဆိုမှဖြင့် ဒကာ ဒကာမတို့ ဒီသူတို့ ဆောက်မှဖြစ်တဲ့ ငရဲဟာ သူတို့ကို ကျုပ်တို့က နိုင်လိုက်ရင်လည်း ငရဲကြောက်ဖို့လိုသေး သလား. . . (မလိုတော့ပါဘူးဘုရား)။

ယခုတော့ ဒကာ ဒကာမတွေက ခွကျတယ်၊ ခဲပစ်တဲ့ သူမကြောက်ဘဲနဲ့၊ခဲချည့်ကြောက်နေတာ. . . (မှန်ပါဘုရား)။ သိပ်ဆိုးနေတယ်၊ဒကာ ဒကာမတို့. . . (ဆိုးပါတယ်ဘုရား)။

## ခွေးမိုက်နဲ့တူတယ်

ကြောက်တာသည်ပင်လျှင် မမှန်သေးဘူး. . . (မှန်လှပါ ဘုရား)၊ ခင်ဗျားတို့သည် ဒါကြောင့် ဘုန်းကြီး ခဏခဏ ပြောတယ်၊ခွေးမိုက်နဲ့တူတယ်လို့. . . (မှန်ပါဘုရား)။

ဒကာစိန်ရေ. . . ဒကာစိန်ကလွယ်အိတ်ကြီးကြီးနဲ့ခဲတွေ

ထည့်သွား၊ အဲ့ဒီ အနားကျတော့ ပစ်စမ်းဆိုတော့ ခွေးက ခဲချည့် လိုက်ကိုက်တယ်. . . (မှန်ပါဘုရား)၊ဒီခွေးမိုက်တယ်၊ဥပမာ. . . ဒကာစိန်လိုက်ကိုက်လိုက်ရင် နောက်ခဲလာဦးမှာလား. . . (မလာပါဘူးဘုရား)။

သူက ဒါဖြင့် ဒကာစိန်ကိုတော့ မကြောက်၊ဟိုခဲကိုသာ ရန်သူထင်နေတယ်. . . (မှန်လှပါဘုရား)၊ခင်ဗျားတို့လည်းငရဲသာ ရန်သူထင်နေတယ်၊ အတွင်းကိုတော့ ငရဲကိုတည်ထောင်တဲ့ မျိုးစေ့ဖြစ်တဲ့ လွတ်အိတ်ထဲက ခဲတွေနဲ့တူတာတော့ ခင်ဗျားတို့ က မကြောက်ဘူး. . . (မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကြောက်နေတာက တိရစ္ဆာန် ကြောက်. . . (မှန်ပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဘာကြောက်ပါလိမ့်. . . (တိရစ္ဆာန်ကြောက်ပါဘုရား)၊ တိရစ္ဆာန်ကြောက်ဖြစ်နေတော့ သြော်. . . ဘုန်းကြီးတို့ ဒကာ ဒကာတွေမသိလို့သာ တိရစ္ဆာန်ထဲသွင်းပြီးပြောလိုက်ရတယ်၊ စင်စစ်ကတော့ ခင်ဗျားတို့ တိရစ္ဆာန်ကတော့ဖြင့် ကျုပ်တို့က မသိမှုကတိရစ္ဆာန်စိတ်ဖြစ်နေထယ်. . . (မှန်လှပါဘုရား)၊ ကြောက်စရာသိပ်ကောင်းတယ်. . . (ကောင်းပါတယ်ဘုရား)။

အဲဒါ. . . ခုတော့ဖြင့် ဘာကြောက်ရမှာပါလိမ့်. . . ယခုလက်ရှိဝင်လာတဲ့ လောဘ၊ ဒေါသ၊ မောဟကို ခင်ဗျားတို့ ဖြစ်ပျက်ရှုပြီးသကာလ ကြောက်လိုက်စမ်းပါ. . . (မှန်လှပါ ဘုရား)၊ဟိုမှာဘုံပေါက်သေးရဲ့လား. . . (မပေါက်ပါဘူးဘုရား)။

## အကြောင်းကိုကြောက်၊ အကျိုးမကြောက်ပါနဲ့

ငရဲတွေ အကုန်ပျောက်၊ မပျောက်သေးဘူးလား. . . (ပျောက်ပါတယ်ဘုရား)၊ ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့သည် အကြောင်းကြောက်၊ ယနေ့ကစပြီး အကျိုး မကြောက်ပါနဲ့. . . (မှန်လှပါဘုရား)။

ကျုပ်တော့ အကျိုးပေးသာ ကြောက်တယ်၊ မကောင်း ကျိုးပေးမှာတော့ ကျုပ်အကြောက်ဆုံးပဲဆိုတော့ မကောင်း ကြောင်းတော့ သူမကြောက်ဘူးကွ. . . (မှန်လှပါဘုရား)။

အကြောင်းနဲ့ အကျိုးဘယ်ဟာ ကြောက်ရမှာတုံး. . . (အကြောင်းကြောက်ရမှာပါဘုရား)၊ ခင်ဗျားတို့ ဘာကြောက် နေတုံး. . . (အကျိုးကြောက်နေပါတယ်ဘုရား)၊ ဒေါ်အုန်းခင်ကြီးတို့ ခွကျလိုက်တာ၊ ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

ဘာကြောက်ရမှာတုံး. . . (အကြောင်းကြောက်ရမှာပါ ဘုရား)၊ယခုတော့ဖြင့်ဩော်. . . တို့သေလို့ရှိရင် ဘယ်လို အကျိုးပေးမတုံး၊ အဲ့ဒီ အကျိုးပေးချည်းဖြင့် ကြောက်လှချည်ရဲ့၊ မကြောက်ပါနဲ့ ဒေါ်အုန်းခင်ရေ မကြောက်ပါနဲ့၊ ယခုပေါ်လာတဲ့ အကြောင်းတွေကို ဖြစ်ပျက်သာရှုချရင်၊ ဟိုအကျိုးပေးတွေပေါ် ဦးမှာလား. . . (မပေါ်ပါဘူးဘုရား)။

ဒါဖြင့် အကြောင်းသတ်လိုက်ရရင် မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား)။

## ကုသိုလ်အကုသိုလ်ကိုစွန့်လိုက်ပြီ

အေး. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးများအကြောင်း ဘယ်လောက်ကြောက်တယ်ဆိုတာ ခင်ဗျားတို့ နမက္ကာရမှာ ပါပါတယ်. . . (မှန်ပါဘုရား)၊ "ကုသလာ ကုသလံ ဇဟံ" အဟံ-ငါဘုရားသည်၊ ကုသလံ-ကုသိုလ်ကိုလည်းကောင်း၊ အကုသလံ -အကုသိုလ်ကိုလည်းကောင်း၊ ဇဟံ-စွန့်လိုက်ပြီကွာ၊ နို့မဟုတ်ရင်လိုက်ပြီး အကျိုးပေးနေဦးမှာ။

ဒါကြောင့် ဘုရားဖြစ်တဲ့ အချိန်မှာ ကုသိုလ်နဲ့ အကုသိုလ်ငါ စွန့်ချလိုက်ပြီဟေ့. . . (မှန်လှပါဘုရား)၊ နိုင်သွားပြီဟေ့ ဒေါ်အုန်းခင် နမက္ကာရမှာ မပါဘူးလားဗျာ. . . (ပါပါတယ်ဘုရား)။

အဲဒီတော့ ကုသိုလ်နဲ့ အကုသိုလ်ကို စွန့်ပစ်လိုက်တယ်ဆိုကတည်းကိုက ဘုရားက ဒီကုသိုလ် အကုသိုလ်တွေဟာ လက်ခံထားမယ်ဆိုရင်သူတို့သည်လူခန္ဓာနတ်ခန္ဓာ၊ဗြဟ္မာခန္ဓာ ဆိုတဲ့ ဒုက္ခသစ္စာတွေလုပ်ဦးမှာ၊မလုပ်ပေဘူးလား. . . (လုပ်ပါတယ်ဘုရား)။

အဲ့ဒီလုပ်ပြန်လို့ရှိရင်လည်းသူတို့ကဒုက္ခသစ္စာတွေလုပ်လိုက်ခဲ့သည်ရှိသော်ဒီဒကာဒကာမတွေ ဒုက္ခသစ္စာချည့်ပဲပွားစီးမယ့် အခြေအနေတွေကမသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဘုရားက ကုသိုလ် အကုသိုလ်စွန့်လိုက်

တယ်ဆိုပြီး သူ့သန္တာန်ဖြစ်တဲ့စိတ်တွေက အကျိုးမပေးတဲ့ စိတ်တွေဖြစ်သွားတယ်. . . (မှန်ပါဘုရား)။

## မြန်မြန်အရိယာဖြစ်အောင် လုပ်လိုက်ပါ

အဲဒါ ခင်ဗျားတို့က မြန်မြန်အရိယာဖြစ်အောင်လုပ် လိုက်ကြစမ်းပါ၊ နို့မဟုတ်ရင် ခင်ဗျားတို့ပြုထားတဲ့ ကုသိုလ်တွေ တစ်ပုံကြီး၊ အကုသိုလ်တွေကကော. . . (တစ်ပုံကြီးပါဘုရား)။

အဲဒါတွေက ခင်ဗျားတို့က သူတို့က နောက်ကစောင့် နေတယ်. . . (မှန်ပါဘုရား)၊နောက်ကစောင့်နေတော့ ခင်ဗျား တို့ စုတေမနေ သေလွန်တဲ့အခါကျတော့ သူတို့က တို့အလှည့် ကျပြီ၊ သူ့အလှည့်ကျပြီဆိုတာ မလာကြပေဘူးလား. . . (လာမှာပါဘုရား)။

လာတဲ့အခါကျလို့ရှိရင်ဖြင့် ခင်ဗျားတို့ သူ့အလှည့်ကျ ရာ စီမံရာကိုခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာခံရုံပဲ. . . (မှန်ပါ ဘုရား)၊ ဒေါ်အုန်းခင်ကြီးရေ၊ မတု- ရိပ်မိပြီလား. . . (ရိပ်မိပါ ပြီဘုရား)။

တဲ. . . ဒါဖြင့် ဒေါ်ခန့်တို့ရေ ဂရုစိုက်ပါ. . . (မှန်လှပါ ဘုရား)။ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိပဇာနာတိ သဒေါသံဝါ စိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ၊ သမောဟံဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ"

## မဂ်ရေစင်ဖြင့် ဖျန်းလိုက်စမ်းပါ

ဟော. . . ပဇာနာတိဆိုတဲ့ မဂ်ရေစင်ဖြင့် ဖျန်း ဖြစ်အောင် ဖျန်းလိုက်စမ်းပါ၊ မဖျန်းရင် မင်းတို့အကြောင်း မသတ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါလိမ့်မယ်. . . (မှန်ပါဘုရား)၊ ဆိုတော့ မောင်ထွန်းလှိုင် မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)။

မောင်ဘညွန့်တို့ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)၊ အေး. . . ဒါဖြင့် အားလုံးဒကာ ဒကာမတို့ ခင်ဗျားတို့အကျိုးမကြောက်ပါနဲ့၊ အကြောင်းကြောက်ပေးပါ. . . (မှန်လှပါဘုရား)။

အကြောင်းကြောက်ပေးပါလို့ ပြောရတယ်၊ ဘာပြုလို့တုံးဆိုတော့ ခင်ဗျားတို့က ခဲလာတယ်၊ ခဲကြည့်ရှောင်နေလို့တော့မဖြစ်ဘူး၊ ခဲကြည့်ရှောင်မနေနဲ့ ဟိုလူသာ သွားရိုက်လိုက်၊ ခဲပစ်တဲ့ သူသွားရိုက်လိုက်ရင် နောက်ခဲလာဦးမှာလား. . . (မလာပါဘူးဘုရား)။

ယခုတော့ဖြင့် ခင်ဗျားတို့က ခဲသာ ကြောက်နေတယ် ပစ်တဲ့သူကို. . . (မကြောက်ပါဘူးဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ခုနက ခွေးမိုက်ကြောက် ကြောက်သလိုမကြောက်ဘူးလား. . . (ကြောက်ပါတယ်ဘုရား)။

## ဖြစ်ပျက်မရှုမိမှာကိုကြောက်ပါ

ဒီမှာလည်း ခင်ဗျားတို့သန္တာန်လာတဲ့ လောဘ၊ ဒေါသ၊ မောဟကို တစ်ခါတည်း ဖြစ်ပျက်မရှုမိမှာကို ကြောက်လိုက်. . . (မှန်လှပါဘုရား)၊ဒကာစိန် သိပ်အဖိုးတန်တဲ့ တရားနော်. . . သိပ်အဖိုးတန်တဲ့ တရားဒကာ ဒကာမတွေ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

လောဘလာ ဖြစ်ပျက်မရှုမိ၊ ဒေါသလာရင် ဖြစ်ပျက်မရှုမိ၊ ဝေဒနာလေးတွေလာ ဖြစ်ပျက်မရှုမိ၊ ဒုက္ခသစ္စာလာတိုင်း လာတိုင်း မရှုမိမယ့်အရေးသာလျှင် တို့မှာ အရေးအကြီးဆုံး ပါလား၊ ငရဲဘာမှကြောက်စရာမရှိဘူး. . . (မှန်ပါဘုရား)၊ ဟုတ်ပြီလား။

အဲ့ဒါ ဒကာ ဒကာမတို့ ယနေ့ကစပြီး ဆရာကောင်း သမားကောင်းနဲ့ ကိုးကွယ်ဆည်းကပ်နေတဲ့ဒကာ ဒကာမတွေ ဖြစ်နေတော့ ဩော်. . . အကြောင်းကြောက်မှာပါလား. . . အကျိုးကြောက်နေလို့တော့. . . (မမှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## အကြောင်းကိုကြောက်ရင်၊ အကျိုးမလာ

အဲ. . . အကြောင်းကြောက်လိုက်တော့ အကျိုးလာသေးရဲ့လား. . . (မလာတော့ပါဘုရား)၊အေး. . . ဒါကြောင့် အကြောင်းကြောက်လိုက်လို့ရှိရင် အကျိုးမလာတော့ပါဘူး. . .

(မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သန္တာန်မှာ အကြောင်းတွေက ခဏခဏပေါ်တယ်. . . (မှန်ပါဘုရား)၊ တစ်ယောက်နဲ့ တွေ့ပြန်လို့ရှိရင်လည်း အော်ချင်တာနဲ့၊ ပျော်ချင်တာနဲ့၊ ရွှဲ့ချင်တာနဲ့၊ စောင်းချင်တာနဲ့၊ ဒကာ ဒကာမတွေက ဒါတွေများ ကျတော့ ခင်ဗျားတို့က နှုတ်ကိုတက်လို့. . . (မှန်လှပါ ဘုရား)။

သူနဲ့ဖြင့် အတူတူကို မသွားချင်ဘူး၊ ဘာဖြစ်လို့တုံး ဆိုတော့ မျက်နှာကြောမတည့်လို့၊ အမလေး ဒကာ ဒကာမတွေ ရှုပ်လိုက်တဲ့ဖြစ်ခြင်း၊ဟုတ်ဘူးလား၊ ရှုပ်လိုက်တဲ့ဖြစ်ခြင်း။

သူနဲ့တော့ မသွားဘူး၊ သွားရင်တစ်ယောက်တည်း သွားမယ်၊ နောက်ချန်နေရစ်မယ်၊ ဘာမှလည်း မဟုတ်ဘူး ဒီဥစ္စာ၊ ဘာမှလည်း မဟုတ်ဘူး၊ ဒကာမတွေ ရှုပ်နေတာက၊ ဟုတ်ဘူးလား၊အင်မတန်မရှုပ်ဘူးလား. . . (ရှုပ်ပါတယ်ဘုရား)။

## အကုသိုလ်ဖြစ်နေတာ ဆိုးတယ်

တချို့ကျတော့လည်း အယူအဆ မတူလို့တဲ့၊ အောက်တန်းနည်းနည်းကျလို့ မသွားချင်ဘူးတဲ့၊ တယ်ခက်ပါလား ဒကာသိုက်ရေ၊ သွားမှာကတော့ ဟို မင်္ဂလာအလှူ သွားမှာပဲ၊ ဒီအကုသိုလ်ဖြစ်နေတာက အတော်ဆိုးတယ်. . . (မှန်လှပါ ဘုရား)၊ လာမှန်းကောသိကြရဲ့လား. . . (မသိပါဘူးဘုရား)။

## အလျှုသွားတာမဟုတ်ဘူး၊ အပါယ်သွားတာ

မသိတော့ ဖြစ်ပျက်ကော ရှုသေးရဲ့လား. . . (မရှုပါဘူးဘုရား)၊ ဖြစ်ပျက်မရှုမိတဲ့အခါကျတော့ ခင်ဗျားတို့ အလှူသွားတာမဟုတ်ဘူး၊အပါယ်သွားတာ၊ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဣဿာ၊မစ္ဆရိယတွေက မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ခင်ဗျားတို့ အလှူသွားတာဖြုန်းခနဲ သာဓုခေါ် လိုက်ရင် ဒကာစိန်မှားမယ်. . . (မှားမှာပါဘုရား)၊ မမှားသေးဘူးလား. . . (မှားပါတယ်ဘုရား)။

အဲဒီလိုအရေးကြီးနေလို့ဆရာသမားမို့ဆုံးမနေတယ်. . . (မှန်ပါဘုရား)၊ ဒါကြောင့် ခင်ဗျားတို့ ဣဿာလာလည်း ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ မစ္ဆရိယ လာရင်. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ဖြစ်ပျက်ရှုသာရှု

ဖြစ်ပျက်ရှုသာရှု၊ သူကမလာပါနဲ့ဆိုလို့ ခင်ဗျားတို့က ကျင့်သားမရသေးတော့ လာနေဦးမှာ၊ လာတာလေးကိုလည်း ဣဿာရှုလိုက်တဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်ဖြင့် ဣဿာလေးကဣဿာ မဟုတ်ဘဲနဲ့ ဖြစ်ပျက်ဒုက္ခသစ္စာ ဖြစ်သွားတယ်. . . (မှန်လှပါဘုရား)၊ မစ္ဆရိယရှုရင်ကော. . . (ဖြစ်ပျက်ဒုက္ခသစ္စာပါဘုရား)။

ဖြစ်ပျက်ဒုက္ခသစ္စာဖြစ်သွားပြီ။ အဲဒီဖြစ်ပျက်ဒုက္ခသစ္စာဖြစ်သွား လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဘာမှ မစိုးရိမ်နဲ့တော့. . . (မှန်လှ ပါဘုရား)။ ရိပ်မိပြီးလား. . . (ရိပ်မိပါပြီဘုရား)။

## အကြောင်းကို သတ်ခိုင်းတယ်

ဒါဖြင့် ခင်ဗျားတို့ ယနေ့ပြောတဲ့တရားမှာ ဘာပါလိမ့်မလဲ ဆိုတာအကြောင်းသတ်ပြောနေတယ်လို့ မောင်ထွန်းလှိုင် မှတ်ပါ. . . (မှန်လှပါဘုရား)၊ကိုင်း. . . ဒကာသိုက် ဘာသတ်ခိုင်း သတုံး. . . (အကြောင်းသတ်ခိုင်းပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာရှု၊ ဝိပဿနာရှုဆိုတာ ဒကာ ဒကာမ တို့ ပစ္စုပ္ပန်တည့်အောင်ရှုဆိုတာ အကြောင်းသတ်နေတာ ကိုးဆိုတာပေါ်လာပြီလား. . . (ပေါ်လာပါပြီဘုရား)၊အကြောင်း သတ်. . . (မှန်ပါဘုရား)။

အကယ်၍ ဝေဒနာကို ခင်ဗျားတို့က ဖြစ်ပျက်မရှုလိုက် လို့ရှိရင် အကျိုးတဏှာလာမယ်ဆိုတာ ခင်ဗျားတို့သိပြီး သား. . . (မှန်လှပါဘုရား)။

## ဝေဒနာမရှုဖြစ်ရင် တဏှာလာမယ်

ဒါဖြင့် ဝေဒနာလေး ပေါ်လာတယ် ဖြစ်ပျက်က မရှုမိ ဘူး၊ မရှုမိရင် ဘယ်သူလာမယ်. . . (အကျိုးတဏှာလာမှာ ပါဘုရား)၊ အင်း. . . ဝေဒနာ ပစ္စယာ-ဝေဒနာအကြောင်း

ကြောင့် တဏှာ- တဏှာသည်၊ဟောတိ-ဖြစ်၏ဆိုတော့၊ အကြောင်းကိုမသတ်လိုက်တဲ့အတွက် ဘာလာသတုံး. . . (အကျိုးလာပါတယ်ဘုရား)။ အကျိုးတဏှာလာတယ်. . . (မှန်ပါဘုရား)။

အကျိုးတဏှာလာတဲ့အခါကျတော့ ခင်ဗျားတို့ ဒုက္ခရောက်ပြီ. . . (မှန်ပါဘုရား)၊ဩော်. . . ဒါဖြင့်တို့ဆရာဘုန်းကြီးက ဝိပဿနာတွေ ရှုခိုင်းနေတာ ဘာပါလိမ့်မလဲဆိုတာ ယနေ့ရှင်းရှင်းလင်းလင်းကြီး ပေါ်လာလိမ့်မယ်. . . (ပေါ်လာပါတယ်ဘုရား)။

ဘာသတ်ခိုင်းသတုံး. . . (အကြောင်းသတ်ခိုင်းပါတယ်ဘုရား)၊ အကြောင်းသတ်တော့ ခင်ဗျားတို့ အကျိုးပေးတွေလာစရာပျက်စီးသွားပြီး. . . (မှန်ပါဘုရား)၊ ကြောက်ဖို့လန့်ဖို့ကော. . . (မလိုပါဘူးဘုရား)။

## ဒါလမ်းမှန်ပဲ

ဩော်. . . ဒါဖြင့် ဒါလမ်းမှန်ပဲ၊ ဘုရားဟောတော်မူတာလမ်းမှန်၊ လမ်းမှန်ပဲတဲ့ ဒီဥစ္စာ၊ အကြောင်းသတ်ခိုင်းတာ. . . (မှန်လှပါဘုရား)၊ ဝေဒနာရှုရင် တဏှာသေတယ်၊ မသေဘူးလား. . . (သေပါတယ်ဘုရား)။

အဲဒီတော့ ဝေဒနာရှုရင် တဏှာသေတယ်ဆိုတော့

ကြွသာရှုလိုက်ပြန်တယ်၊ ကြွသာဆိုတဲ့ဥစ္စာ သူတစ်ပါးငြူစူ
တာ. . . (မှန်ပါဘုရား)။

ကြွသာသူတစ်ပါးငြူစူတာ ရှုလိုက်လို့ရှိရင်ဖြင့် ကြွသာ
နောက်ကနေပြီး ခင်ဗျားတို့ ကြွသာကို မရှုလိုက်ဘူးဆိုရင်ဖြင့်
ကျုပ်မြင်ရတာ ကျုပ်ဖြင့် အရင်ဟာတွေ ပေါ်ပေါ်လာတယ်။
အင်း. . . ဒေါမနဿတွေလာကုန်ပြီ. . . မလာဘူးလား. . .
(လာပါတယ်ဘုရား)။

တွေးတယ်ဆိုပြီး သကာလ၊ ဘေးတွေးတာမဟုတ်ဘူး၊
ကျုပ်ဖြင့် အရင်ဟာတွေကို ပြန်သတိရလာတယ်ဆိုတော့
ဒေါမန ဿတွေ အကုန်လာတော့တာပဲ၊ ကြွသာမရှုမိရင်
ဘာလာသတုံး. . . (ဒေါမနဿလာပါတယ်ဘုရား)၊ မစ္ဆရိယ
ရှုမိရင်ကော. . . (ဒေါမနဿလာပါတယ်ဘုရား)။

## မစ္ဆရိယဆိုတာ

မစ္ဆရိယဆိုတာက ကိုယ့်ရှိတာလေးတွေ ဒကာ ဒကာမ
တွေက သူလာရင်တောင်းတတ်တယ်၊ အဲဒီတော့ ဒါတွေ
အုပ်ပြီးထားဦးမှ၊ ဝှက်တန်သလောက်လည်း ဝှက်ထားဦးမှ၊ ဒီလို
လေဟာ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ဟိုချောင်ထိုး၊
ဒီချောင်ထိုး၊ဟိုဟာလေးနဲ့ဖိ၊ဒီဟာလေးနဲ့ဖုံး. . . (မှန်ပါဘုရား)။

အဲ့ဒါခင်ဗျားတို့ကလာလိမ့်မယ်လို့မသိဘူး၊သူလာမယ်လို့
ပြောသံကြားလို့ခင်ဗျားတို့ကမစ္ဆရိယဖြစ်တာ. . . (မှန်ပါဘုရား)၊

အိမ်ထဲသိမ်းဆည်းနေတာဘာပါလိမ့်. . . (မစ္ဆရိယဖြစ်တာပါဘုရား)။

အဲဒီတော့ မစ္ဆရိယပေါ်လာပြီလားဆိုပြီး ခင်ဗျားတို့ မစ္ဆေရစိတ်ကို ဖြစ်ပျက်ရှုရင်ရှု၊ အကယ်၍ မရှုမိဘူးဆိုရင်ဖြင့် သူက မနေသာလောက်အောင် တောင်းပြီဆိုမှဖြင့် ခင်ဗျားတို့က ဒေါမနဿလိုက်ဦးမှာပဲ. . . (လိုက်မှာပါဘုရား)။

## ဒေါမနဿလာတယ်

နဂိုက သူမြင်ရင် ဝှက်ထားတဲ့ဥစ္စာ၊အတင်းတောင်းပြန်သေးတယ်ဆိုတော့ဒေါမနဿမလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အေး. . . ဒါကြောင့် စိန်တွေ ဘာတွေ ဝှက်ကြ၊ သိုကြတဲ့အခါကျလို့ရှိရင်လည်းဒါတွေဟာ သတိထားရသေးတယ်၊ ဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

ဒါက ဘယ်သူ့ဖို့ ဘယ်ဝှာ့ဖို့၊ တော်ကြာ လူနိုင်လာရင် ခက်တယ်ဆိုတာဘာတုံး ခင်ဗျားတို့. . . (မစ္ဆရိယပါဘုရား)၊ မစ္ဆရိယ၊ ဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

အဲ့ဒီ မစ္ဆရိယတွေလည်း ခင်ဗျားတို့ကတော့မသိဘူး၊ မေတ္တာရှိလို့ ဟိုလူအတွက်ထားရတယ်၊ ဘယ်ဟုတ်မလဲ ဟိုလူမြင်သွားမှာစိုးလို့၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒီဘက်မေတ္တာ၊ ဟိုဘက် မစ္ဆရိယ၊ ဒကာသိုက်တို့ ရိပ်မိပြီ
လား. . . (ရိပ်မိပါပြီဘုရား)။

## အတော်သိမ်မွေ့တဲ့ တရား

အေး. . . ဒါကြောင့် မစ္ဆရိယဆိုတဲ့ တရားဟာလည်း
အတော်သိမ်မွေ့တဲ့တရား၊ကြောက်စရာမကောင်းဘူးလား. . .
(ကောင်းပါတယ်ဘုရား)၊ အေး. . . ဒါကြောင့်ဒကာဒကာမတို့
မစ္ဆရိယလာလည်းဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဣဿာလာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊
အေး. . . ဒါကြောင့် ဖြစ်ပျက်ရှုလိုက်တာသည်ပင်လျှင်
အကြောင်းသတ်ပြီးသားမနေဘူးလား. . . (နေပါတယ်ဘုရား)။

ဘုန်းကြီးက ဒီကနေအကဲခတ်တယ်၊ ဘယ်သူနဲ့ ဘယ်သူ
မတည့်ဘူးတဲ့၊အင်း. . . မသိရှာဘူး. . . ဒါပဲ၊ ရိပ်မိကြပြီ
လား. . . (ရိပ်မိပါပြီဘုရား)။

မသိရှာလို့ သိလို့ရှိရင်တော့ဖြင့် အကုန်တည့်. . . (မှန်ပါ
ဘုရား)၊ အကုန်တည့်ဆိုတာဒကာဒကာမတွေဖြေရှင်း နေစရာလို
သေးသလား. . . (မလိုပါဘူးဘုရား)။

## ဘာဖြစ်လို့မတည့်ကြပါလိမ့်

အေး. . . ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြပါလိမ့်မတုံးဆိုတော့ ဣဿာလာလည်း မရှမိ၊ မစ္ဆရိယ လာရင်ကော. . . (မရှုမိပါဘုရား)။

မိန်းမတွေဘက်က အထူးဂရုစိုက်စမ်းပါ. . . (မှန်လှ ပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ယောကျ်ားတွေက ဒီလောက်မများဘဲကိုး ဒကာစိန် ရ. . . (မိန်းမများကဒီစိတ်တွေများပါတယ်ဘုရား)၊ ယောကျ်ား တွေကတော့မဟုတ်ရင် ထရိုက်တာပဲရှိမယ် ဟုတ်ပြီလား။

အေး. . . မိန်းမတွေကတော့ ဒီဥစ္စာအရေးမဟုတ်တာကို အင်မတန်အရေးလုပ်လေ့ရှိတယ်၊ အရေးမဟုတ်ပါဘဲနဲ့ အရေး လုပ်လေ့ရှိတယ်၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ထင်းသယ်တာကအစ ခင်ဗျားတို့မှာ အတော်ရှုပ်တယ်၊ ဟုတ်ပြီလား၊ ထင်းသယ်တာကအစတဲ့ တင်ချင်တဲ့ ပုဂ္ဂိုလ်ကျ တော့ ဈေးတင်တယ်၊ မတင်ချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ပြန်ချ တယ်. . . (မှန်လှပါတယ်ဘုရား)၊ ဣဿာ၊ မစ္ဆရိယဗျာ. . . (မှန်ပါဘုရား)၊မလာဘူးလား. . . (လာပါတယ်ဘုရား)။

## သမာဓိ၊ သတိလိုတယ်

အေး. . . ဒါကြောင့် ဒကာ ဒကာမတွေရေ နေရာတိုင်းမှာသမာဓိ၊သတိလိုတယ်ဆိုတာ ပေါ်လာကြပြီလား. . . (ပေါ်လာပါပြီဘုရား)။

ဒါတွေကို ဂရုမစိုက်လို့ရှိရင်ဖြင့် ဒါတွေဟာ ဟင်းကော်တဲ့အချိန် ဆွမ်းကော်တဲ့အချိန် ကစပြီး သကာလ၊ ခင်ဗျားတို့ထမင်းကော်တဲ့အချိန်ကစပြီး သကာလ ဒီသူတို့ အတွေးကငုပ်ပြီး ဒီအကြောင်းကို မသတ်လိုက်လို့ရှိရင်ဖြင့် ဒီဟာအကျိုးပေးဦးမှာပဲ၊မပေးပေဘူးလား. . . (ပေးမှာပါဘုရား)။

## နေရာတိုင်းမှာ ဖြစ်ပျက်ရှု

အဲဒီတော့ ဒကာ ဒကာမတွေ ဆရာဘုန်းကြီးက ဟောတာနေရာတိုင်းမှာ ဖြစ်ပျက်ရှုဆိုတာနေရာတိုင်းမှာ ငရဲမီးငြိမ်းတာ. . . (မှန်ပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ငရဲမီးငြိမ်းတာ ကိုခင်ဗျားတို့က မေ့သွားတယ်၊ မေ့သွားတယ်ဆိုရင် ငရဲမီးကြီးလာမှာပေါ့. . . (မှန်လှပါဘုရား)။

မေ့သွားရင်ဘယ်လိုဆိုကြမတုံး. . . (ငရဲမီးကြီးလာပါတယ်ဘုရား)၊ ငရဲအိုးကြီး၊ ငရဲမီးတောက်ကြီး ဒီလို မလာပေဘူးလား. . . (လာပါတယ်ဘုရား)၊ အဲဒီတော့ မမေ့စေကြ

နဲ့. . . (မှန်ပါဘုရား)။ မေ့ရင်ဘာဖြစ်မလဲ. . . (ငရဲကြီးမှာပါဘုရား)၊ ငရဲအိုးကြီးမယ်၊ ငရဲမီးတောက်ပြင်းမယ်၊ ဒါကြောင့် မေ့ဆိုတဲ့အတိုင်း ဒီလိုဖြစ်တော့ ဖြစ်သွားတယ်၊ ကျုပ်မရှုမိလိုက်ဘူး၊ ဒီလိုဆိုရင်ငရဲအိုးကြီးလာတာပဲ၊ ငရဲမီးလျှံကြီး တောက်လာတာပဲ. . . (မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့က မေ့တာလေးလည်း ဘုန်းကြီးအနေနဲ့ ဟိုကအိုးကြီးတယ်၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ဥဂ္ဂသေန

အဲ့ဒါ ဒကာ ဒကာမတွေကတော့ ပြောတော့သက်သာသလိုလိုပေါ့ဗျာ၊ ပြောတော့သက်သာသလိုလိုပေါ့၊ ဖြစ်စဉ်တော့ မသက်သာဘူး. . . (မသက်သာပါဘူးဘုရား)။

ဖြစ်စဉ်ကတော့ မသက်သာပါဘူးတဲ့၊ ဥဂ္ဂသေနတို့မျိုး ပြောလိုက်တာကတော့ သာမည. . . (မှန်လှပါဘုရား)၊ သူ့ဆီ ပစ္စေကဗုဒ္ဓါလေးတစ်ပါးက ဆွမ်းခံကြွလာတယ်၊ဆွမ်းခံကြွလာလို့ကောင်းကောင်းမွန်မွန်လောင်းလိုက်ပါ၊ကဲ. . . သူ့ခင်ပွန်းကိုမှာတယ်၊မှာတဲ့အခါကျတော့သူ့ခင်ပွန်းမကလောင်းလိုက်တယ်။ လောင်းလိုက်တဲ့အခါကျတော့ ရဟန္တာက ဩော်. . . သူတို့ငါ့လောင်းလိုက်တဲ့အတွက် ဒိဋ္ဌမမွှအကျိုးပေးတော့မှာပဲဆိုပြီး ပြုံးတယ်၊ ဒိဋ္ဌမမွှအကျိုးပေးရှာတော့မယ်၊သူဌေးကတော်လေး၊ သူဌေးလေးဖြစ်ရှာတော့မယ်ဆိုပြီး ဝမ်းမြောက်လို့ပြုံးရှာတယ်။

## သဘင်သည်လို့ပြစ်မှားမိလို့

ပြုံးတော့၊ အဲ့ဒီပြုံးတဲ့အချိန်နဲ့ ခုနက ဆွမ်းလောင်းတဲ့သူ့ခင်ပွန်းမနဲ့ သွားကြုံတယ်၊ ကြုံတော့ သူ့ယောကျ်ားသွားပြောတယ်၊ ရဟန္တာ ဆွမ်းလောင်းလိုက်တယ်လောင်းပြီး ဟိုအနားကျတော့ပြုံးသွားတယ်၊အို. . . ပြုံးသွားရင်သဘင်သည်ထင်ပါရဲ့ကိုး. . . (မှန်လှပါဘုရား)။

သဘင်သည်လို့ ပြောမိလို့ သူ့သဘင်သည်နဲ့ သွားပြီးအိမ်ထောင်ကျနေတာဒုက္ခရောက်ပါပေ့လား၊ပြောတော့သာလွယ်တာကွ၊ ဟိုသဘင်သည်နဲ့ အိမ်ထောင်ကျတော့ ဘယ်မတုံးဗျဥက္ကသေနဟာဝါးအတောင်(၆၀)ပေါ်တက်ကနေရတာကဲ၊ ပြောတာကတော့ သက်သာရဲ့လား. . . (မသက်သာပါဘူးဘုရား)။

## ပြောတာကတော့ သာမည

ပြောတာကတော့ သာမည၊ အကျိုးပေးကျတော့. . . (မသက်သာပါဘူးဘုရား)၊ အဲ့ဒါဖြင့် ခင်ဗျားတို့က အကျိုးပေးကတယ်လွယ်တယ်၊ ဒေါ်ရွှေကြီးတို့ကလေ။ တို့က ထစ်ခနဲဆိုရင်ပြောလိုက်ချင်တယ်၊ အတော်ခက်ပါလားဗျ၊ ဒေါ်ရွှေ စောင်းနေတာ မအောက်မေ့နဲ့နော်. . . (မှန်လှပါဘုရား)။

ကျုပ်က တယ်ခံချင်တာမဟုတ်ဘူး၊ ဟုတ်တာပြောသွားရင်တော့ ကိစ္စမရှိပါဘူး၊ ဒီမဟုတ်တာ ပြောသွားတာ

ကျုပ်က မကျေဘူး၊ ဟုတ်လား ဒေါ်ရွှေ ငရဲအိုးကြီးက ဝမ်းထဲ လုံးဝင်တာပဲ၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲ့ဒါကြောင့် ဒကာဒကာမတို့ခင်ဗျားတို့အပြောတွေ၊ ခင်ဗျားတို့ အဆိုတွေက ပြောတာတော့ဖြင့် မတု-ကိစ္စမရှိဘူး၊ အကျိုးပေးကျတော့ ခံနိုင်ရည်ရှိရဲ့လား. . . (မရှိပါဘူးဘုရား)။ အဲ့ဒီကျတော့ အင်မတန် မနစ်နာပေဘူးလား. . . (နစ်နာပါ တယ်ဘုရား)။

## ဣဿာမစ္ဆရိယ ဖြစ်ပျက်ရှု

ဒါကြောင့် အပြောရော၊ အဆိုရော၊ ဣဿာနဲ့ ပြောရင် ဣဿာဖြစ်ပျက်ရှုမစ္ဆရိယနဲ့ပြောလို့ရှိရင်. . . (မစ္ဆရိယဖြစ်ပျက် ရှုရမှာပါဘုရား)၊ဒေါသနဲ့ပြောရင်. . . (ဒေါသဖြစ်ပျက်ရှုရမှာပါ ဘုရား)၊ကြာတော့ ဒီဖြစ်ပျက်ရှုဖန်များတော့မဂ်ရေကလောင်းဖန် များတော့သူတို့ကငြိမ်းငြိမ်း ငြိမ်းငြိမ်းပြီး နောက်မလာတော့ ဘူး. . . (မှန်လှပါဘုရား)။

## လာရာဖြစ်ပျက်ရှု

အစသာခက်နေတာ. . . (မှန်လှပါဘုရား)၊အစသာ ခက်နေတာ၊နောက်ကျတော့လာသေးရဲ့လား. . . (မလာတော့ပါ ဘူးဘုရား)၊ အဲ့ဒီလောက်ကျေးဇူးများမှာ မြင်တဲ့အတွက် ဆရာဘုန်းကြီးက ပြောလိုက်တယ် ဩော်. . . ဒါဖြင့် လာရာရှု

ရှုပဲပေ့ါဗျာ၊မဆိုနိုင်သေးဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲ့ဒီတော့ လာရာ ရှုဆိုတော့ ရှုဆိုတာသမာဓိကိုပြောတာ. . . (မှန်ပါဘုရား)၊ ဈာယ ဘိက္ခု မာစပမာဒေါ ဘိက္ခု မာစပမာဒေါ- မေ့လျော့ ပေ့ါဆ ဈာယ- စူးစူးစိုက်စိုက်ကလေး ရှုလိုက်စမ်းပါကွတဲ့ဆိုတော့ ဘုရားက စူးစူးစိုက်စိုက်ရှုဖို့ သိပ်ပြီး တိုက်တွန်းတယ်. . . (မှန်ပါဘုရား)။

အဲ့ဒါကြောင့် ဝေဒနာပေါ်တိုင်း ပေါ်တိုင်း အဲ့ဒီနေရာ ကို သမာဓိနဲ့ စူးစိုက်ပြီး မဂ္ဂင်ငါးပါး ဖြစ်ဖြစ်၊ ခုနစ်ပါးဖြစ်ဖြစ် အကုန်လွှတ်ပါ. . . (မှန်ပါဘုရား)။

အကုန်လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက်တည်းဝေဒနာ ဖြစ်ပျက်ဒုက္ခသစ္စာ ဖြစ်ရတော့မယ်. . . (မှန်လှပါဘုရား)၊ လွှတ်လိုက်တဲ့ မဂ္ဂင်တွေက မဂ္ဂသစ္စာ ဖြစ်ရတော့မယ်၊ ဟော. . . ကိလေသာ အပူမီးတွေက မဂ်လာတယ်ဆိုရင် အကုန်ငြိမ်း၊မဂ်လာတယ်ဆိုရင်အကုန်သိမ်းဆိုတော့မောင်ထွန်းလှိုင် ဘယ်လောက်ကျေးဇူးများသတုံး. . . (များပါတယ်ဘုရား)။

## ပိလိန္ဒဝစ္ဆမထေရ်ကြီး

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ အင်မတန်မှ ကျေးဇူးများခြင်းကြောင့် သမာဓိ တန်ခိုးဟာ ဒကာစိန် ပိလိန္ဒဝစ္ဆမထေရ်ကြီးကြည့်၊ပိလိန္ဒဝစ္ဆမထေရ်ကြီးဟာလေ-သူကဘဝ ပေါင်း(၅၀၀)၊ဗြဟ္မဏအမျိုးကဖြစ်လာတာကိုး. . . (မှန်လှပါ

ဘုရား)၊အမျိုးမြတ်၊အမျိုးမြတ်. . . (မှန်လှပါဘုရား)။

## "ဟော့သူယုတ်" ဘယ်ကလာသတုံး

တခြားသော ပုဂ္ဂိုလ်တွေ့လို့ရှိရင် ဟော့. . . သူယုတ် ဘယ်ကလာသတုံး၊ ဟော့. . . သူယုတ်ဘယ်ကလာသတုံး. . .။ အဲ့ဒါ ဘယ်အချိန်ကျမှ ဒီအသုံးအနှုန်းသုံးနေတာ တုံးဆိုတော့ သူကလည်းရဟန္တာဖြစ်ပြီ၊ ရဟန္တာဖြစ်တဲ့အခါ လူမြင်လို့ရှိရင်ဖြင့် သူက အကျင့်က ဝါသနာကြီးကပါလာတော့ ဟော့ ဝသက၊ ဟော့ သူယုတ် ဒကာသိုက် ဒီလိုချည့်ခေါ်တယ်. . . (မှန်လှပါဘုရား)၊ ဒီလိုချည့်ခေါ်တယ်။

ကရုဏာသံလည်းမောင်ထွန်းလှိုင်မပါဘူး၊ဝါသနာဖြစ်နေတယ်. . . (မှန်ပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲ့ဒီတော့ ဝါသနာကိုတော့ ဘုန်းကြီးတို့က မဆိုပါဘူး၊ ခင်ဗျားတို့က လုံ့လပယောဂနဲ့ဟာကိုဆိုတာ. . . (မှန်လှပါဘုရား)၊ ဟုတ်ပြီလား။

## စိတ်မကြမ်းရင်ပြီးတာပဲ

ဝါသနာကတော့ ဝါသနာ ဒကာစိန်ကြီးက ကြမ်းတယ်၊ စကားပြောကတည်းကိုက ဒကာစိန်က ခပ်ဆိုးဆိုးပြောတတ်တယ်၊ ကြမ်းကြမ်းပြောတတ်ပေမယ့် စိတ်ထဲက မကြမ်းရင်ပြီး

တာပဲ၊အသံကတော့ကြမ်းချင်ရင်ကြမ်းပါစေ. . . (မှန်လှပါဘုရား)၊ စိတ်မကြမ်းရင်. . . (ပြီးတာပါပဲဘုရား)။

အေး. . . ဝါသနာတော့ဖြင့် ဘုရားတစ်ယောက်သာ စွန့်နိုင်တယ်၊ကျန်တာဘယ်သူမှ မစွန့်နိုင်ဘူး. . . (မှန်လှပါဘုရား)။

## လူမြင်ရင်၊ သူယုတ်ချည့်ခေါ်တာ

အဲဒီပိလိန္ဒဝစ္ဆမထေရ်ကြီးဟာ ကြည့်ပါလား ဒကာဒကာမတွေက ရဟန္တာဖြစ်တောင် လူမြင်ရင် သူယုတ်ချည့်ခေါ်တာ. . . (မှန်ပါဘုရား)။

ခင်ဗျားတို့ ကြားဖူးသားပဲ၊ ဒကာတစ်ယောက်က ပိတ်ချင်းသီးတွေထမ်းမလာဘူးလား. . . (ထမ်းလာပါတယ်ဘုရား)၊ ထမ်းလာတဲ့အခါကျတော့ပိတ်ချင်းသီးတွေထမ်းလာတော့ ဟော့. . . သူယုတ်ဘာတွေ ထမ်းလာသတုံး၊ အစောကြီးတွေ တာကိုး။

## ပိတ်ချင်းသီးတွေ ထမ်းလာတယ်

ဟိုက ဈေးဦးမှ မပေါက်သေးဘဲ ဒီလိုဘောက်ပြောတဲ့ ကိုယ်တော်ကြီးနဲ့ တွေ့တော့၊ ခင်ဗျားတို့လည်း ဈေးဦးပေါက် အရေးကြီးတဲ့အချိန်ကျတော့၊ ပိတ်ချင်းသီးတွေ ထမ်းလာတာ

ဈေးဦးမှ မပေါက်သေးဘူး၊ ဟော့. . . လူယုတ် ဘာတွေထမ်းလာ သလဲလို့ဆိုတော့ ဟိုလူက ဈေးဦးမှမပေါက်ရတဲ့ အထဲကန့်လန့် ပြောတဲ့ ကိုယ်တော်ကြီးနဲ့တွေ့တော့ ကြက်ချေးကိုယ်တော်လို့ ပြောလိုက်တယ်၊ ရိုပ်မိပြီလား. . . (ရိုပ်မိပါပြီဘုရား)။

## ကြက်ချေးဖြစ်ကုန်တယ်

ကြက်ချေးထမ်းခဲ့တယ်ဆိုတော့ အံမလေး. . . ရဟန္တာ သွားဖြစ်မှားတာအကုန်ကြက်ချေးဖြစ်ကုန်တယ်. . . (မှန်လှပါ ဘုရား)၊ဟော့. . . ခင်ဗျားတို့ ကြက်ချေးသွားလုပ်မနေနဲ့ဦး။

ကျုပ်တော့ မဟုတ်တာနဲ့ ဘောက်ပြောလိုက်တယ်ဆို တော့အိမ်မှာ ဘာဖြစ်နေတယ်ဆိုတာ သတိထားကြဦး. . . (မှန်လှပါဘုရား)၊ဟုတ်ဘူးလား၊အိတ်ထဲငွေရှိတယ်နဲ့တူတယ် ငွေချေးစမ်းပါဦး အို. . . မဟုတ်ပါဘူး စက္ကူတွေပါဆိုရင် တော်ကြာ အလွတ်စက္ကူဖြစ်သွားမှာလည်း စိုးရသေးတယ်. . . (မှန်လှပါဘုရား)၊အဲ့ဒါကြည့်လည်းပြောကြဦး၊ ခင်ဗျားတို့ လိမ်တာကလေ. . . (မှန်လှပါဘုရား)။

## ရဟန္တာပြစ်မှားတာ

အဲ့ဒါနဲ့ ဒီထမ်းလာတာပင် ဒကာစိန်ရ သူ့ဝစီကံက လိုက်တာမဟုတ်သေးဘူး၊ ဒီထမ်းလာတာတင် ကြက်ချေးတွေ ဖြစ်သွားတာ မဟုတ်သေးဘူး၊ ဟိုလှည်းပေါ်မှာ နဂိုကထားတာ

သူလှည်းပေါ်ကထည့်တာ၊ဟိုအပေါ်မှာကြက်ချေးတွေ သွားဖြစ်တယ်. . . (မှန်ပါဘုရား)၊ရဟန္တာဖြစ်မှားတာ. . . (မှန်လှပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့လည်း ဒီအခါမှာ ဆိုလို့ရှိရင် မဂ်နဲ့ဖိုလ်နဲ့ ကြိုးစားပြီးသကာလနေကြတာ၊ဘယ်သူရဟန္တာဖြစ်တယ်ဆိုတာဘယ်သူမှမသိနိုင်ဘူး. . . (မှန်လှပါဘုရား)ဘယ်သူသောတာပန်၊သကဒါဂါမ်ဖြစ်တယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး. . . (မှန်ပါလှဘုရား)၊ကိလေသာခေါင်းပါးတာပဲသိတယ်။ ခေါင်းပါးရင်နည်းတာပဲအကုန်မကုန်သေးဘူး. . . (မှန်ပါဘုရား)။

အဲ့ဒါကို ခင်ဗျားတို့ တစ်ယောက်တစ်ယောက်ဖြစ်မှားနေကြမယ်ဆိုရင်တော့ ဆင်းရဲပွဲနွဲရလိမ့်မယ်. . . (မှန်ပါဘုရား)။

## တစ်ဦးကိုတစ်ဦးရိုရိုသေသေ

အဲ့ဒါကြောင့် တစ်ယောက်တစ်ယောက် ရိုရိုသေသေကိုင်းကိုင်းညွတ်ညွတ်ဟုတ်လား အကျိုးအကြောင်း ရေရေလည်လည် ဒီလိုမှကောင်းတယ်. . . (မှန်လှပါဘုရား)။

ဟော့. . . ဒီလိုလာမမေးပါနဲ့၊ဒီလိုမလုပ်ပါနဲ့ဟုတ်ပြီလား။ ဟိုကသိချင်လို့မေးတာအကျိုးအကြောင်း ပြောပေးလိုက်လို့ရှိရင် ပြီးတာပဲ၊ ဘောက်ပြောတာ၊ ဒေါ်ခန့်က လုပ်ချင်လုပ်ဦးမှာ. . . (မှန်လှပါဘုရား)။

ကိုယ့်ကိုတွေ့လို့ သူလာမေးတာဘာဆိုင်သတုံး၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊ အဲ့ဒီလို ခင်ဗျားတို့ကလည်း

အတော်တိုတယ်. . . (မှန်လှပါဘုရား)၊အတော်တိုတယ်တဲ့။

ဒါနဲ့ ခုနက ဒကာမှာ ဒကာစိန်ရေ ခက်လိုက်တဲ့ဖြစ်ခြင်း၊ တစ်ခါတည်းသူ့မှာချုံးပွဲချငိုရတယ်၊ပိတ်ချင်းသီးအရောင်းလာတာ ကြက်ချေးတွေဖြစ်နေလို့၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## မင်းဘာငိုနေတာတုံး

အေး. . . ဒါနဲ့ သွားပြီးသကာလ သိ၊ ကြား၊လိမ္မာတဲ့ သူနဲ့သွားပြောတယ်၊မင်းဘာငိုနေတာတုံး လူတစ်ယောက်က ဒီလိုပဲဗျ၊ကျုပ်ပိတ်ချင်းသီး အရောင်းလာတာ၊ တောင်းထဲက လည်း ကြက်ချေး၊ လှည်းပေါ်မှာ ကျန်ရစ်တာကလည်း ကြက် ချေး။ရဟန္တာ ဘောက်ပြောမိတာ. . . (မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျိန်ကြတာ အဟုတ်ကိုမကျေ ဘူး၊ မိုးကြိုးပစ်ရစေရဲ့ မကျေဘူးလို့ သွားလုပ်မနေနဲ့၊ အကုန် မကျေဘဲနေဦးမယ်၊ ခင်ဗျားတို့ ကုန်တွေ ကြက်ချေးဖြစ်ကုန် ဦးမယ်. . . (မှန်ပါဘုရား) ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

ပြောကို မပြောနဲ့၊ ပြောကို မပြောနဲ့တဲ့၊ ဒီဥစ္စာဆိုး ဝါးတယ်ဆိုတဲ့ ဥစ္စာရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အေး. . . ဒါနဲ့ကြက်ချေးတွေ ပြောလိုက်လို့ဆိုတော့ ဒီက ဒေါသနဲ့ ပြောလိုက်တော့ ဟို ကိုယ်တော်ကြီးကလည်း အေး. . . မင်းပြောတဲ့အတိုင်း ဖြစ်စေကွာ. . . (မှန်ပါဘုရား)၊ တကယ့် ကိုယ်တော်ကြီးကိုး။ မင်းပြောတဲ့အတိုင်း ဖြစ်စေဆို

တော့ ဟိုကြက်ချေးဖြစ်တာပေါ့. . . (မှန်လှပါဘုရား)။

ဒီမှာလည်း ခင်ဗျားတို့ တစ်ယောက် တစ်ယောက်က ဒီလိုပြောလေ့ရှိတယ်. . . (မှန်လှပါဘုရား)၊ မရှိပါဘူးဆိုတဲ့ ဥစ္စာလာလာတောင်းနေတဲ့ ဥစ္စာပဲ၊ ဟုတ်လားမရှိချင်လို့ ရှိရင်ဖြင့် နောက်ဘယ်တော့မှမရှိတာအေးပါတယ်၊ ပြောတဲ့သူလည်း ဘောက်ကိုး. . . ၊ဟုတ်ပြီလား. . . (မှန်ပါဘုရား)။

## ပြောလိုက်တုန်းက အရသာရှိသလိုလို

အဲဒီလိုနဲ့ပဲ သူ့ကြက်ချေးတွေဖြစ်တော့ ဒကာတစ်ယောက်က မင်းဘာငိုနေသတုံး၊ပြောလိုက်တုန်းကတော့ ကိစ္စမရှိ ဘူးပေါ့ဗျာ၊ ဒေါ်ရွှေ ပြောလိုက်တုန်းကတော့ အရသာရှိသလိုလို ဟုတ်ပြီလား၊ ပြောလိုက်တုန်းကတော့ အရသာရှိသလိုလိုပဲ ကြက်ချေးဖြစ်တော့ငိုချင်းချတယ်၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့လည်း ဒီလိုပြောလိုက်တုန်းကတော့ ကိစ္စမရှိဘူး၊မွဲသွားတော့ ငိုချင်းချတယ်. . . (မှန်လှပါဘုရား)၊ ဟုတ်ပြီလား စားစရာမရှိ သုံးစရာကမရှိ ကုန်စရာတွေကလည်းများဆိုတော့မှ ဩော်. . . အဖြစ်ဆိုးလှချည်လားဆိုတော့ ကောင်းသေးရဲ့လား. . . (မကောင်းပါဘူးဘုရား)။

ဒေါ်အုန်းခင် ဒါ မိမိစိတ်ကို ဟောနေပါတယ်၊ ဒေါ်အုန်းခင် စောင်းသလို အောက်မေ့မနေနဲ့၊မိန်းမဘာက်က

သိပ်ဆိုးတယ်၊ မိန်းမဘက်က သိပ်ဆိုးတယ်။

## ဝိပဿနာရှုဖြစ်အောင်လို့ ပြောတာပါ

အေး. . . ဒါ ဝိပဿနာရှုဖြစ်အောင်လို့ ပြောတာပါ၊ ဝိပဿနာ ရှုဖြစ်အောင်လို့ ပြောတာပါ။

ဒါနဲ့ပဲ သိ၊ ကြား၊ လိမ္မာတဲ့လူက မင်းဘယ်နှယ့်တုံး၊ နဂိုက ဘာတွေထမ်းလာသတုံး၊ ပိတ်ချင်းသီး ဆရာကြီးက ဘယ့်နှယ် ဖြစ်သွားသတုံး၊ ဟိုကိုယ်တော်ကြီးတစ်ပါး ကျုပ်က ပြောလိုက်တယ်၊ ကျုပ်ကပိတ်ချင်းသီးထည့်ပြီး ရောင်းမယ်လို့ သွားတဲ့ဥစ္စာ ဟော့. . . သူယုတ်ဘာတွေ ထမ်းလာသတုံးလို့ မေးတယ်။

ကျုပ်ကလည်း ဈေးဦးက မပေါက်တာနဲ့ စိတ်ဆိုးပြီး ပြောချလိုက်တယ်၊ ကြက်ချေးဆိုတော့၊ အေး. . . မင်းပြောတဲ့အတိုင်းဖြစ်စေလို့သူကပြောလိုက်တယ်. . . (မှန်ပါဘုရား)။

အေး. . . ဒါကြောင့်ဖြစ်တာ အဲဒီကိုယ်တော်ကြီး အင်မတန်တန်ခိုးကြီးတယ်၊ သွားကန်တော့ချည်၊ ကန်တော့ချည်ဆိုပြီးလိုက်ရှာရတာပေါ့၊ကိုယ်တော်ကြီးကဆွမ်းခံရင်း. . . (မှန်လှပါဘုရား)။

ဆွမ်းခံရင်း ဒီကိုယ်တော်ကြီး လိုက်ရှာရတာ အတော်ခဲ ယဉ်းတယ်၊ လိုက်ပြီး ဟိုမေး၊ ဒီမေး၊ ကြာတော့တွေ့တယ်. . . (မှန်ပါဘုရား)။

## ပိတ်ချင်းသီးတွေ ပြန်ဖြစ်တယ်

အရှင်ဘုရား၊ တပည့်တော် ကြက်ချေးတွေလို့ အရှင်ဘုရားအားပြောမိပါတယ် ဆိုမိပါတယ်၊ ကြက်ချေးမဟုတ်ပါဘူး၊ ဘုရားတပည့်တော် ရောင်းတာကပိတ်ချင်းသီး အေး. . . မင်းပြောတဲ့အတိုင်းဖြစ်စေ၊ ပိတ်ချင်းသီးဖြစ်သွားတယ်. . . (မှန်လှပါဘုရား)၊တကယ့်ကိုယ်တော်ကြီးပဲ၊တန်ခိုးက သိပ်ကြီးတာကိုး၊ တန်ခိုးကလည်း သိပ်ကြီးတယ်။

အဲ့ဒီလို ပြောတာမျိုးကျတော့ ဘုန်းကြီးတို့က အပြစ်မဆိုပါဘူး. . . (မှန်လှပါဘုရား)၊သူ့ဝါသနာ မစွန့်နိုင်လို့ပြောတာ. . . (မှန်ပါဘုရား)၊ သမာဓိက အင်မတန်အားကြီးတယ်။ ဖြစ်စေဆိုရင်ဖြစ်ရမယ်။ သမာဓိတန်ခိုး ဘယ်လောက်ကြီးတယ်ဆိုတာ ပေါ်လာကြပြီလား. . . (ပေါ်လာပါပြီဘုရား)။

အဲ. . . သမာဓိဟာ ဒကာ ဒကာမတို့ သမာဓိသေးသေးသိမ်သိမ်မမှတ်နဲ့။ သူဖြစ်စေဆိုတဲ့အတိုင်းဖြစ်တာ. . . (မှန်ပါဘုရား)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

နောက်ကျတော့ သူ ဆွမ်းခံသွားပြန်တယ်၊ ဆွမ်းခံသွားတော့သူကမွဲတဲ့အထဲဆွမ်းခံသွားတယ်၊ဆွမ်းခံသွားတဲ့အခါကျတော့ အမေမိဘတွေကသမီးငယ်ကလေးတစ်ယောက်ရှိတာသမီးငယ်ကလေးကလည်း သူများက ရွှေပန်းတွေပန်ကြတဲ့အခါသမီးငယ်ကလေးကလည်း ပန်ချင်တယ်. . . (မှန်ပါဘုရား)။

## ရွှေပန်းပန်ချင်တဲ့ သမီးလေး

သမီးငယ်ကလေးကလည်းပန်ချင်တဲ့ အခါကျလို့ ရှိရင်ဖြင့် အမေမိဘတွေကပေါဒီကောင်မလေးကရှိမှန်းမသိ၊မရှိမှန်း မသိခက်လိုက်တဲ့ဖြစ်ခြင်း ကိုယ့်အဖေအမေကရွှေပန်းနဲ့ ဝေးပါ သေးရဲ့၊ သူကရွှေပန်း ပန်ချင်တယ်ဘုရားဆိုတော့ ဒီကိုယ်တော် ကြီး လျှောက်တာ၊ဘယ်သူတုံး. . . တပည့်တော် သမီးလေး အေး. . . ရွှေပန်းဖြစ်စေ. . . (မှန်ပါဘုရား)။

ရွှေပန်းကဖြစ်လာတယ်၊ ခေါင်းပေါ် ပန်ပြီးသားဖြစ်နေ တယ်. . . (မှန်လှပါဘုရား)။ တစ်ခါတည်း ဆင်းရဲသား ရွှေပန်း ပန်တဲ့အခါကျတော့ မသက်ာကြဘူး. . . (မှန်ပါဘုရား)။

မတရားသဖြင့်ရတာ၊ မတရားသဖြင့်ရတာ၊ သူတို့ အခြေအနေနဲ့ ဒီရွှေပန်းနဲ့ အဝေးကြီးပဲဆိုပြီး နန်းတော် သွားလျှောက်တင်ကြတာပေါ့ကွာ. . . (မှန်ပါဘုရား)။

## ရွှေပန်းပန်မိတဲ့ဒုက္ခ

နန်းတော်သွားလျှောက်တင်တယ်၊ နန်းတော်က ရှင်ဘုရင်ကလည်း ဘာမှမသိ၊ဖမ်းစေ. . . (မှန်ပါဘုရား)၊ အံမလေး. . . ရွှေပန်းပန်မိတာလည်း ဒုက္ခပါပဲ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

ဖမ်းစေဆိုတဲ့ အမိန့်ကြီး ထုတ်လာတဲ့အခါကျတော့

အိမ်ကို မနက်ဖြန်ဆွမ်းခံသွားတဲ့အခါကျတော့ ဒီကလေးမလေး လည်းဖမ်းသွား၊အိမ်လည်းဆူးတွေချိတ်တွေ ပိတ်ထားတယ် အမေမိဘတွေလည်း ဒဏ်ပေးထားတယ်၊ဘယ်လောက် ကြောက်စရာကောင်းသတုံး. . . (ကြောက်စရာကောင်းပါ တယ်ဘုရား)။

## ချီးမြှောက်တာနဲ့ထောင်ကျနေပြီ

အဓိပ္ပါယ်မရှိတာတွေ လျှောက်လုပ်နေတာ. . . (မှန်ပါ ဘုရား)၊ ဒါနဲ့ဒီအိမ်နီးချင်းမေးတယ်၊ မနေ့က ရွှေပန်းဖြစ်စေဆိုတဲ့ ကလေးမလေးဘယ်သွားသတုံး၊ အရှင်ဘုရားကချီးမြှောက်တာ နဲ့ထောင်ကျနေပြီ. . . စိတ်ညစ်ညစ်နဲ့ပြောကြတာပေါ့၊ ချီး မြှောက်တာနဲ့ထောင်ကျနေပြီ။

ဟ . . . ဒီ ရှင်ဘုရင်က တယ်မိုက်ပါလား၊ သူတို့က ကလေးလေးလာဖမ်းတယ်၊ သူတို့ ဒီကလေးနဲ့ ရွှေပန်းမတန် ဘူးတဲ့ဘုရား အဲ့ဒါ ခိုးရာပါပစ္စည်းဖြစ်ရမယ်ဒါကြောင့်ဖမ်းတယ်။

မဖြစ်ဘူးဆိုပြီး နန်းတော်လိုက်ရတယ်. . . (မှန်လှပါ ဘုရား)၊နန်းတော်လိုက်ရပြန်ပြီ၊ ဒီရွှေကိစ္စနဲ့ပဲ၊အတော်ရှုပ်နေ တယ်၊ အတော်ရှုပ်နေတယ်။

ဒါနဲ့ နန်းတော်လိုက်ပြီး သကာလ ပသေနဒီ ကောသလ မင်းကြီးဆီကိုသွားပေ့. . . ရှင်ဘုရင်မင်းက ဘယ့်နှယ်ကွာ ဒီ ကလေးမလေး ငါက သူ့က မနေ့က ငိုနေလို့ ရွှေပန်းပန်ချင်လှ

ချည်ရဲ့ဆိုလို့ ရွှေပန်းဖြစ်တဲ့ဥစ္စာ မင်းက ရွှေနန်းတော်ကြီးနဲ့ နေပြီး မင်းက ဘာနန်းတော်ဖြစ်ချင်သေးလို့တုံး. . . ။

## မင်းလွှတ်မှာလား၊ မလွှတ်ဘူးလား

အဲ့ဒီလို ပြောတော့ ဟိုကတော့လန့်နေပြီ။ တခြားနန်းတော်ဖြစ်စေဆိုရင် ဖြစ်ရမှာကိုး. . . ။ ဒါနဲ့ ကိုယ်တော်မြတ်ကြီးက ကဲ . . . မင်း ဒီဥစ္စာ ငါက ဖြစ်စေဆိုလို့ ဖြစ်ရတဲ့ ရွှေပန်းကို၊ မင်းက ရာဇဝတ်သားလုပ်ပြီးသကာလထားတော့ မင်းလွှတ်မှာလား၊ မလွှတ်ဘူးလား။

အံ့မလေး. . . မသိလို့ပါဘုရား၊ ဟိုက နာမည်ကြီးကိုး. . . (မှန်ပါဘုရား)။မင်း ရွှေနန်းတော်ကြီး ဘာ နန်းတော်များ ဖြစ်ချင်သတုံး၊ ဒီလိုမေးတာ ဒေါသမပါဘူး၊ သမာဓိတန်ခိုး. . . (မှန်ပါဘုရား)။သမာဓိတန်ခိုး။

သမာဓိအားသိပ်ကြီးတဲ့ကိုယ်တော်ကြီး၊ သူဖြစ်စေဆိုရင်ဖြစ်ပဲ. . . (မှန်ပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဟာ. . . ဒီလို ကိုယ်တော်ကြီးသာ ခင်ဗျားတို့ လမ်းကိုကြွမယ်ဆိုရင် ခင်ဗျားတို့ ဆံပင်တွေပုံနေအောင်ခင်းမှာ. . . ။

## သည်းခံတော်မူပါဘုရား

အဲ့ဒီကဲ့သို့ ရှင်ဘုရင်ကိုခြိမ်းခြောက်တယ်၊အရှင်ဘုရား တပည့်တော်မသိလို့ တပည့်တော်က မသိလို့ပါ၊ ရာဇဝတ်သားကလည်း မရှေလည်လို့ပါ၊တပည့်တော် အပေါ်ဖြင့် သည်းခံတော်မူပါဘုရား၊မဟုတ်ရင်မင်းလည်းထောင်ကျစေဆိုရင် သူထောင်ထဲသွားရမှာ၊ဒီကလေးမတင် ထောင်ကျတာမဟုတ်ဘူး၊ မင်းထောင်ကျစေဆိုရင် ရှင်ဘုရင်ကို ထောင်ထဲကျမှာ. . . (မှန်ပါဘုရား)။

မင်းမိုက်တယ်၊ မင်းမှားတယ် မင်းထောင်ထဲသွားဆိုရင် သွားရမှာပဲ. . . (မှန်ပါဘုရား)၊ မလွယ်ဘူးဗျ၊ မလွယ်ဘူး။

ဒါနဲ့ ရှင်ဘုရင်က တစ်ခါတည်းလိုက်ပြီး သကာလ တောင်းပန်ပြီး ရွှေပန်းကိုလည်း ဘုရားတပည့်တော်တို့မှားလို့ ဗွေမယူပါနဲ့၊ အရှင်ဘုရားလည်း ဘယ်လိုမှအမိန့်မရှိပါနဲ့၊ အမိန့်ရှိရင် ခက်တော့မှာကိုးကွ။

အဲ့ဒါနဲ့ အရှင်ဘုရား ဒီသားသမီးတွေနဲ့တကွ သူ့အမေမိဘပါတပည့်တော်တို့ နန်းတော်က ရိက္ခာတော်ထောက်ပါ့မယ်ဘုရား။ ရိက္ခာတော်ထောက်ပြီး နောက်သူတို့ ကျန်းမာချမ်းသာသွားကြတယ် ဆိုပါတော့. . . (မှန်ပါဘုရား)။ ဒီကလေးမလေးလည်း လွတ်သွားတယ်. . . (မှန်ပါဘုရား)။

## အဲဒါ သမာဓိတန်ခိုး

အဲဒါဘာတန်ခိုးလဲမေးလို့ရှိရင် သမာဓိတန်ခိုး. . . (မှန်ပါဘုရား)၊ဒီလောက်ကြီးတဲ့သမာဓိတဲ့. . . (မှန်ပါဘုရား)။ အဲ. . . သမာဓိက သူက အားကြီးပြီဆိုမှဖြင့် အဘိဉာဉ်ကိုလည်း သွားရတယ်. . . (မှန်ပါဘုရား)၊ နိဗ္ဗာန် မဂ်ဖိုလ်ကိုလည်း. . . (ရပါတယ်ဘုရား)။

ဒါ. . . သမာဓိက သက်သက်ချည့်လုပ်နေရင်တော့ အကျိုးမများဘူး၊ ဒီလို မဂ္ဂင်နဲ့တွဲပြီး လွှတ်လိုက်မယ်ဆိုရင် ဒကာဒကာမတို့ နှစ်ဖက်ရတယ်. . . (မှန်လှပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် သမာဓိနဲ့ မဂ္ဂင်တော့ဖြင့် ခင်ဗျားတို့ ဝေဒနာပေါ်ရာကိုသာ သမာဓိတွဲတွဲလွှတ်ပါ. . . (မှန်လှပါဘုရား)။

အဲဒီတော့ ခုနကစပြီးပြောခဲ့တဲ့ နွားကျောင်းသားသည် နွား(၇)ကောင်ကို ကျောင်းသလို မဂ္ဂင်(၇)ပါးကို သမာဓိက ကျောင်းရမယ်. . . (မှန်လှပါဘုရား)။

## မဂ္ဂင်ရှစ်ပါးပြည့်တယ်

အဲ့ဒီ သမာဓိကနေ ကျောင်းတဲ့အခါကျတော့ကို ခင်ဗျားတို့ဝေဒနာပေါ်ရာကို အကုန်သိပြီးသား. . . (မှန်ပါ ဘုရား)၊ အဲဒီပေါ်ရာ ပေါ်ရာကို ဒီ(၇)ခုကို သမာဓိက ဦးစီးပြီးလွှတ်ပေး၊

လွှတ်ပေးလိုက်လို့ရှိရင် ခင်ဗျားတို့ မဂ္ဂင်ရှစ်ပါး မပြည့်ပေဘူး လား. . . (ပြည့်ပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှစ်ပါးက မဂ္ဂသစ္စာ၊ ခင်ဗျားတို့ သန္တာန် လောဘ၊ ဒေါသ၊ မောဟတွေ လာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘူးဘုရား)၊မလာနိုင်တာ က ဒကာဒကာမတို့လာခွင့်မရလို့မလာတာ. . . (မှန်ပါဘုရား)။

## အကုသိုလ်တွေ၊ အဟောသိကံ၊ ဖြစ်တယ်

လာခွင့်မရလို့မလာငြားသော်လည်း ခင်ဗျားတို့ အတွက်မှာ အင်မတန်ဝမ်းသာစရာ ကောင်းတယ်၊ ဘယ်လို ဝမ်းသာစရာ ကောင်းသတုံးဆိုတော့ အတိတ်ကပြုခဲ့တဲ့ အကု သိုလ်တွေက နောက်ကချောင်းနေကြတာတွေ မောင်ထွန်းလှိုင် အဲ့ဒါတွေပါ အဟောသိကံဖြစ်တယ်. . . (မှန်ပါဘုရား)။ ကဲ. . . ဘယ်လောက်ကောင်းသတုံး. . . (ကောင်းပါတယ် ဘုရား)။

အတိတ်က ချောင်းပြီး အကျိုးပေးမလို့ ခင်ဗျားတို့ အဆင်းတွန်းချမလို့စောင့်နေတာတွေ. . . (မှန်ပါဘုရား)၊ အဲ့ဒါတွေ ပေါ်တော့မပေါ်ဘူး၊ မပေါ်ဘဲနဲ့ချောင်းနေတာ. . . (မှန်ပါဘုရား)၊အဲ့ဒါတွေ ဘာဖြစ်ရသတုံး. . . (အဟောသိကံ ဖြစ်ရပါတယ်ဘုရား)။

## ဘယ်လောက်အားထုတ်ထိုက်သတုံး

မဂ္ဂင်ရှစ်ပါးလာတော့အဟောသိက်ဖြစ်တယ်. . . (မှန်ပါဘုရား)၊ကဲ. . . ဘယ်လောက်အားထုတ်ထိုက်သတုံး. . . (အားထုတ်ထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အကုသိုလ် သေတယ်ဆိုတာ အဟောသိက်ဖြစ်တာပဲ. . . (မှန်ပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)၊သူ့အဟောသိက်ဖြစ်ကတည်းက ဘာအကျိုးပေးဖို့လိုသေးသတုံး. . . (မလိုပါဘူးဘုရား)။ မလိုတော့ဘူးတဲ့ လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါဒုက္ခသစ္စာတွေလာဦးမှာလား. . . (မလာပါဘူးဘုရား)။

## သုခသစ္စာသာလာတော့တယ်

ဒါဖြင့် လူ ဒုက္ခ၊ နတ် ဒုက္ခ၊ ဗြဟ္မာ ဒုက္ခ အကုန်လွတ်၍အလုံးစုံသုခသစ္စာ သာလာတော့မယ်ဆိုတာအသေအချာမှတ်ပါ. . . (မှန်ပါဘုရား)၊ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲ့ဒီလို ခင်ဗျားတို့ နေ့တိုင်းရှုပေးပါ။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။